# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ ကိုလိုနီခေတ် ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၃၆)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ၂၈-၇-၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ် ။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပန အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပနအခမ်းအနား တက်ရောက်စဉ်။

နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော် ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ တပ်မတော် အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ဆောင်ရွက်**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ဟန်နွိုင်းမြို့ရှိ အမျိုးသားဈာပနခန်းမတွင် ယာယီထားရှိသော ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ ရုပ်အလောင်းအား လွမ်းသူ့ပန်းခွေချခြင်း၊ ဂါရဝပြုခြင်းနှင့် ဝမ်းနည်းကြောင်း မှတ်တမ်းတွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Senior Lieutenant General Le Huy Vinh (လဲ့ဟွေးဗင့်)နှင့် သီးသန့်တွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H. E. Mr. To Lam ထံ ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက် ကွယ်လွန်ခြင်းအတွက် ထပ်မံပေးပို့လိုက်သော ဝမ်းနည်းကြောင်း သဝဏ်လွှာအား ပေးအပ်ခဲ့သည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ဟန်နွိုင်းမြို့ရှိ အမျိုးသားဈာပနခန်းမ၌ ကျင်းပပြုလုပ်သည့် အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အဆိုပါ အခမ်းအနားတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H. E. Mr. To Lam က ကွယ်လွန်သူ သက်ရှိထင်ရှားရှိစဉ်အတွင်း နိုင်ငံကောင်းကျိုးအတွက် စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့မှုများကိုပြန်ပြောင်းသတိရလျက် ချီးကျူးဂုဏ်ပြုစကား မြွက်ကြားခဲ့သည်။

**လိုက်ပါပို့ဆောင်**

ထို့နောက် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့်သမ္မတဟောင်း ငုယင်ဖုကျောက်၏ ရုပ်အလောင်းအား မီးသင်္ဂြိုဟ်မည့်နေရာသို့ လိုက်ပါပို့ဆောင်ခဲ့သည်။

အဆိုပါ ဈာပနအခမ်းအနားသို့ ပြည်ပနိုင်ငံပေါင်း ၂၇ နိုင်ငံမှ နိုင်ငံတော် အကြီးအကဲများ၊ နိုင်ငံခြားရေး ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး သံရုံးဝန်ထမ်းများ၊ စစ်သံစစ်မှုထမ်းများ၊ သင်တန်းသားအရာရှိများ၊ သံရုံး/စစ်သံရုံးမှ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်**

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ် ၊ ဇူလိုင် ၂၈ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

# တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် ဆောင်ရွက်လျက်ရှိ

ကျေးလက်နေပြည်သူများ၏ တစ်မိသားစုချင်း ဝင်ငွေတိုးပွားစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ် ၂ သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အသေးစားတစ်ပိုင် တစ်နိုင်ကုန်ထုတ်လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်းရန်ပုံငွေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် လိုအပ်သည့် မတည်ရင်းနှီးငွေများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ဇေယျာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးရာတွင် ပြောကြားခဲ့သည်။

ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ယခုလို နိုင်ငံတော်အစိုးရမှ ဘက်ပေါင်းစုံလာရောက်ဖြည့်ဆည်းပူးပေါင်းဆောင်ရွက်ပေးသည့်အချိန်တွင် မိမိတို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး၊ ကျေးရွာများတွင် အမှန်တကယ်လုပ်ငန်း လုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ စိတ်တူကိုယ်တူ ဆန္ဒတူသူများကို စုပေါင်း၍ သမဝါယမအသင်းများ၊ ဖွဲ့စည်းပေးပြီး အသင်းသားတောင်သူများ၏ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုပံ့ပိုးပေးနိုင်ရေး ထွက်ရှိလာသော သီးနှံများကို ဈေးကွက်ခိုင်မာမှုရရှိရေး လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ ယခု အဗျဉ်းလယ်ဦးကျေးရွာအား ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း (Smart Village)၏ အဓိကကဏ္ဍကြီး(၆)ရပ်ဖြစ်သည့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှုကူညီထောက်ပံ့မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်စီးပွားမြင့်မားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိပြီး သွင်းအားစုဓာတ်မြေဩဇာများကို အရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြစ်သား ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသော်ထူးပိုင်က ရာသီဥတုပြောင်းလဲမှုများအကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်ရခြင်း အကြောင်းအရင်းများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေသော ဆိုးကျိုးအကြောင်းအရာကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဦးမျိုးသီဟကျော်က ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲအပြီးတွင် ပတ်ဝန်းကျင်ရေးရာကျင့်ဝတ်နှင့် သိမှတ်ဖွယ်ရာများ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယလက်ထောက်ပညာရေးမှူး ဦးခိုင်စိုးသိန်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

## စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေးအတွက် အလှူတော်ငွေများ လှူဒါန်းနိုင်

**အမရပူရ ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်အုပ်စု ရှားတောလေးရွာအနီး မဟာမေ့ရုံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်တော်မူသော စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စေတီတော်အထက်ပစ္စယံ ရွှေတိဂုံပုံတူ ကွမ်းတောင်တော်တို့အား ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ရွှေဆေး၊ ဆီဆေး၊ ရေဆေးများ ကပ်လှူပူဇော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့် ရခဲလှစွာသော လူ့ဘဝကို ရရှိခိုက် ကြုံခဲလှစွာသော သာသနာပြုကုသိုလ်ထူးကို အရယူလှူဒါန်းပူဇော်နိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၇၅၇၇၆၈၄၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကဆ)

## စဉ့်ကိုင်မြို့နယ် တပ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်နှင့် တစ်နိုင်တစ်ပိုင် မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန် တပ်ကြီးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များနှင့် စီမံကိန်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ငွေစာရင်းပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉ ဒသမ ၀၅ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၃၈ ဒသမ ၈၅ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၀၅ သိန်းအား စနစ်တကျထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၄၄၅



## အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် ဆံပင်အလှပြုပြင်၊ တစ်နပ်စာအာဟာရဒါနလှူဒါန်း

**မန္တလေး ဇူလိုင် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်ထားရှိသော ကျောင်းသူများအား ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက တော်ဝင်သူ အလှပြုပြင်ရေးသင်တန်းကျောင်းမှ အုပ်ချုပ်သူ ဆရာမဒေါ်သိမ့်သိမ့်သူ ဦးဆောင်ပြီး အလှပြင်သင်တန်းကျောင်းမှ သင်တန်းသူများနှင့်အတူ ကွင်းဆင်း၍ ပရဟိတ ဆံပင်ညှပ်ခြင်း၊ ဆံပင်အလှပြုပြင်ပေးခြင်းနှင့် ကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်ထားရှိသော ကျောင်းသူများအား နေ့လယ်စာ အာဟာရ ဒါနကုသိုလ်ပြု ထမင်းကျွေးမွေး လှူဒါန်းခဲ့ရာ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

(အပေါ်ပုံ)

(၀၄၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဘောလုံးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသန ဦးစီးဌာန အားကစားကွင်း၌ ကျင်းပသည့်ပြည်ထောင်စုဝန်ကြီး ဖလား ဘောလုံးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတွင် အားကစားနည်းများ အလိုက် ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပြီး တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်အပန်းပြေစေရေးနှင့် ဦးစီးဌာနများအကြား ရင်းနှီးချစ်ကြည်မှု တိုးမြှင့်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်း ဖြစ်သကဲ့သို့ ထူးချွန်သူများကို ရွေးချယ်၍ပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် မျှော်မှန်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ယခု ကျင်းပသည့် အမျိုးသားဘောလုံး အားကစားပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၂၇ရက်အထိ ရုံးအမှတ်ကိုယ်စားပြုအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုဖလားရရှိသည့် ရုံးအမှတ် (၃၆) အသင်းကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဒုတိယဆု၊ တတိယဆုနှင့် အခြားဆုများကို ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံး၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ၏ ဓာတ်အား ဖြန့်ဖြူးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက ပုဗ္ဗသီရိမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ မီတာဘေလ်ငွေကောက်ခံမှု၊ မီးသုံးစွဲသူ ပြည်သူများအပေါ် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခကြွေးကျန်များ အပြည့်အဝရရှိရေးနှင့် တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝတည်ငြိမ်ပြီး အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးပို့နိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းစေရေးတို့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများကို စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်နှင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများ ဖြစ်သည့်အတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့် ဆုံးရှုံးမှုမရှိစေရေး ဂရုစိုက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများသို့ သွားရောက်ပြီး မြို့တွင်းနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများသို့ ဓာတ်အား ဖြန့်ဖြူးပေးထားမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စဉ့်ကိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြသ



**စဉ့်ကိုင် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ပြီး ဉာဏ်ပညာထက်မြက်လာစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ နိုင်ငံတော်အတွက် အနာဂတ်သားကောင်း ရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေရန် စသည့် အချက်များကို ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို သင်္ဂတုံကျေးရွာ အ·မ·က (သင်္ဂတုံ)တွင် ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဦးစွာ အ·မ·က(သင်္ဂတုံ) ကျောင်းအုပ်ဆရာမကြီးဒေါ်သင်းမာထွေးက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကိုပြောကြားပြီး မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်၊ မူးယစ်ဆေးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ဥပဒေပုဒ်မများ စသည့် အကြောင်းအချက်များကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝင်းအတွင်း ပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်တို့ကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၆၆)**



## ဘားအံမြို့နယ်ရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ကိုးခု၌ လူဦးရေ ၅၃၀၀ ကျော် ခိုလှုံနေရ

ဘားအံ ဇူလိုင် ၂၇

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဇူလိုင် ၂၇ ရက်အထိ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ကိုးခုဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စု ၁၁၃၄ စု၊ အမျိုးသား ၂၅၄၄ ဦး၊ အမျိုးသမီး ၂၇၆၉ ဦး စုစုပေါင်း လူဦးရေ ၅၃၁၃ ဦး ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ဘားအံမြို့၌ သံလွင်မြစ်ရေကြီးမှုကြောင့် နေအိမ်များ ရေနစ်မြုပ်မှုဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေးစခန်းများဖြစ်သည့် မိုးလုံလေလုံအားကစားရုံ၊ ကြားတောရဘုန်းတော်ကြီးကျောင်း၊ အ-ထ-က(၁) မြကြေးမုံဆောင်၊ ရွှေယဉ်မျှော်ဘုရား၊ အစ္စလာမ် ပရဟိတကျောင်း၊ အ-ထ-က(၃)အားကစားခန်းမ၊ အ-ထ-က(ခွဲ-၃)ကျောင်း၊ အ-မ-က (၇)နှင့် ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းနေရာများသို့ ပြောင်းရွှေ့နေရာချထားလျက်ရှိကာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဒေသခံ တိုင်းရင်းသားများမှ ဆန်၊ ဆီနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်



**မန္တလေး ဇူလိုင် ၂၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသသည် သာသနာပြုခရီးစဉ်အဖြစ် ပဋ္ဌာနသမဏရဟန်း အရှင်ဝါသဝနှင့်အတူ မန္တလေးမြို့သို့ ဇူလိုင် ၂၅ ရက်နေ့တွင်ကြွရောက်ပြီး ဇူလိုင် ၂၇ ရက်နေ့ညနေပိုင်း၌ မန္တလေးမြို့မှ သီတင်းသုံးနေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်သို့ ပြန်လည်ကြွရောက်တော်မူရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ခဲ့သည်။ **(ဓဲပုံ)**

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖူးမြော်၍ ဆရာတော်ကြီးထံက ဩဝါဒများခံယူပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်မြို့ သို့ ထွက်ခွာမည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA)ခရီးသည်တင်လေယာဉ် ပေါ်အထိ လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင် မိတ္ထီလာခရိုင်၊ ရေဝေရေလဲ ဒေသထိန်းသိမ်းရေးလုပ်ငန်း စီစဉ်ဆောင်ရွက်မှုအား ကွင်းဆင်းစစ်ဆေး

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်အတွင်းရှိ ဆည်များ၏ ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များကို ကွင်းဆင်းစစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင်၊ သစ်တောဦးစီးဌာန တာဝန်ရှိသူများက ခရိုင်ဆိုင်ရာအချက်အလက်များနှင့် ခရိုင်အတွင်းရှိ ဆည်များ၏ ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရာ၌ ရေဝေရေလဲစိုက်ခင်း တည်ထောင်ခြင်းနှင့်အတူ ဆောင်ရွက်မည့် သဘာဝတောပြုစုထိန်းသိမ်းခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးဆက်ဆောင်ရွက်ခြင်း၊ ရေမြေတိုက်စားမှု ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်းများအား ရှင်းလင်းတင်ပြရာ သယံဇာတရေးရာဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ သယံဇာတရေးရာဝန်ကြီးသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက မိတ္ထီလာမြို့နယ်၊ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းဘေး မိုင်တိုင်အမှတ် ၁၀/၃ မှ ၁၁/၀၊ မုန်တိုင်ကြိုးပိုင်း အကွက်အမှတ်(၄)အတွင်း တည်ထောင်ထားသည့် ဒဟတ်သစ်စေ့ထုတ် ဧရိယာ ၁၀ ဧက တည်ထောင်ဆောင်ရွက်ထားရှိမှုနှင့် သစ်စေ့စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်-၄)**




## ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းအမှတ်စဉ်(၇) မောင်မယ်သစ်လွင်ကြိုဆို

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းအမှတ်စဉ်(၆)၏ ပထမနှစ် Year End Dinner အခမ်းအနားနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့သင်တန်းအမှတ်စဉ်(၇)၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ Fresher Welcome အခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲက မန္တလေးမြို့တော်ခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ခေတ္တပါမောက္ခချုပ် ဒေါက်တာဖြူဖြူအိက အမှာစကားပြောကြား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ဘောဂဗေဒဌာန၊ ပါမောက္ခဌာနမှူး MPA Program Director ဒေါက်တာခင်ခင်ဦးတို့က ကျောင်းသူ၊ ကျောင်းသားများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် MPA 6th Batch မှ စီနီယာကျောင်းသားဖြစ်သူ မောင်တင်စိုးက MPA 7th Batch ကျောင်းသား၊ ကျောင်းသူများအား ကြိုဆိုဖိတ်ခေါ်စကားနှင့် ဆရာ၊ ဆရာမများအား ကျေးဇူးတင်စကားပြောကြား၍ MPA 7th Batch မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား MPA 7th Batch ၏ ကျောင်းသူ မယဉ်မင်းထွန်းက ကျေးဇူးတင်စကားပြောကြား၍ ကြွရောက်လာကြသော ပါမောက္ခချုပ်များနှင့် သင်ကြားရေးဆရာ၊ ဆရာမကြီးများအား ဂါရဝပြုလက်ဆောင်ပေးအပ်ခြင်းနှင့် ပါမောက္ခချုပ်၊ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြားရေးဆရာ၊ ဆရာမများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြ၍ တက်ရောက်လာကြသောသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## မန္တလေး၊ နန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်မှ တိုင်လုံးများတွင် ရှေးမူမပျက်ဒီဇိုင်းများဖြင့် ယွန်းကြိုးထိုးခြင်းလုပ်ငန်း ဆောင်ရွက်

**မန္တလေး ဇူလိုင် ၂၇**

မန္တလေး၊ နန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်အတွင်းမှ တိုင်လုံးများကို ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဘဏ္ဍာနှစ်၌ ရှေး မူမပျက်ဒီဇိုင်းများဖြင့် ယွန်းကြိုးထိုးခြင်းလုပ်ငန်းကို ဇွန်လဆန်းမှစတင် ဆောင်ရွက်လျက်ရှိရာ လာမည့် ဒီဇင်ဘာလတွင် ပြီးစီးနိုင်မည်ဟု ခန့်မှန်းကြောင်း သိရသည်။

မင်းတုန်းမင်းကြီး၊ မြို့တည်နန်းတည်ခဲ့သည့် မြနန်းစံကျော်ရွှေနန်းတော်မှ လက်ဝဲပွဲတက်ဆောင်၊ လက်ယာပွဲတက်ဆောင်နှင့် မြေနန်းပြာသာဒ်ဆောင်မှ တိုင်လုံးကြီးများတွင် ယွန်းကြိုးထိုးသည့်လုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"နဂိုရှိတာတွေက တိုင်လုံးတွေမှာ ဆေးရေးထားသလို ဖလင်ကပ်ပြီး ဆေးမှတ်ထားတာ၊ အခုလုပ်တာက ရှေးမူမပျက်အောင်လုပ်တာပါ။ ဌာနအကြံပေးဖြစ်တဲ့ ဆရာဦးပေါက်နဲ့ ရှေးဟောင်းပညာရှင် တမ္ပဝတီ ဦးဝင်းမောင်တို့က ရှေးမူတွေကို လေ့လာဆွေးနွေးပြီး ဒီဇိုင်းပေးပါတယ်။ ယွန်းကြိုးထိုးလိုက်တော့ ဖောင်းကြွဖြစ်လာမယ်"ဟု ၎င်းက ပြောသည်။

မြနန်းစံကျော်ရွှေနန်းတော်ရှိ လက်ဝဲပွဲတက်ဆောင်၊ လက်ယာပွဲတက်ဆောင်နှင့် မြေနန်းပြာသာဒ်တို့မှ တိုင်လုံးပေါင်း ၁၀၈ တိုင်တွင် ယွန်းကြိုးထိုးခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ နန်းတော်နှင့်သက်ဆိုင်သည့် ဒီဇိုင်းများဖြင့် ရှေးဟောင်းပုံစံများကို လေ့လာဆောင်ရွက်ခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးမည်ဖြစ်သည်။

"နန်းတော်တိုင်ဖြစ်တဲ့အတွက် ရှေးဟောင်းဘုန်းကြီးကျောင်းတွေလို အရုပ်တွေ မပါတော့ဘူး။ ပန်းတို့၊ ရွဲတန်းတို့ ပါတယ်။ ဒီဘတ်ဂျက်ကာလအတွင်း အပြီးလုပ်မှာပါ။ တိုင်တစ်လုံးလုပ်တာကို ထိုင်ကြည့်နေတာတောင် တစ်ရက် တစ်တိုင်မပြီးဘူး။ အနုစိပ်လုပ်ရတာကြောင့် အချိန်ပေးရတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)အနေဖြင့် သက်ဆိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများကို ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများဆောင်ရွက်နေပြီး မြနန်းစံကျော်ရွှေနန်းတော်အဆောက်အအုံများကိုလည်း နှစ်စဉ် ဆေးသုတ်ခြင်း၊ ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ဧရာဝတီမြစ်ရေအား ကျုံးအတွင်းထည့်သွင်းရေး စီစဉ်ဆောင်ရွက်မှုများနှင့် မန္တလေးဆိပ်ကမ်းသာယာလှပရေး စီမံချက်ဖြင့် ဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး













**မန္တလေး ဇူလိုင် ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်(၂၅)ရက် နံနက်ပိုင်းက အောင်မြေ သာစံမြို့နယ်၊ လမ်း ၈၀နှင့် ၁၂ လမ်းထောင့် ကျုံးရေပြင်အတွင်းသို့ ရေဝင်ရောက်ရန် ယခင်က မန္တလေးတောင်တော်ပေါ်သို့ တင်ပေးသည့် အချင်း (၁၂)လက်မ ရေပိုက်လိုင်းမှတစ်ဆင့် (၈)လက်မအချင်းဖြင့် တပ်ဆင်ထားသည့် လမ်းကြောင်း အခြေအနေကို ကြည့်ရှုစစ်ဆေးရာရေနှင့် သန့်ရှင်းမှုဌာန၊ ဌာနမှူးက လတ်တလောကာလတွင် ကျုံးအတွင်းသို့ ဆည်တော် ကြီးရေဝင်ရောက်မှုမရှိသဖြင့် သတ်မှတ်ရေအမြင့်(၇ ပေ ၂ လက်မ)မရှိတော့၍ Level ကျဆင်းနေသည့်အတွက် ရေဖြည့်သွင်းနိုင်ရန် ဧရာဝတီမြစ်ရေအား ကျုံးအတွင်းသို့ ထည့်သွင်းရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က ဧရာဝတီမြစ်ရေအား ကမ်းနားလမ်းရေတွန်းစက်ရုံအမှတ်(၈)မှ မန္တလေးတောင်တော်ရှိ ရေလှောင်ကန်သို့ ပို့လွှတ်သည့် အဓိက ရေပိုက်လိုင်းမကြီး (၃၀ မီလီမီတာ)(၁၂လက်မ) အချင်းရှိ ပိုက်လိုင်းအား ယခု လမ်း ၈၀နှင့် ၁၀လမ်းထောင့်မှ ရေသွင်းနိုင်သည့်(၈ လက်မ) အချင်းပိုက်လိုင်းအပြင် နန်းတွင်းရေဆိုးထုတ်ပေါက်(၇၃ လမ်း) တိရိစ္ဆာန်ရုံဘက်ခြမ်းမှတစ်ဆင့် တက်မျှောချောင်းသို့ ဆက်သည့် လမ်းကြောင်းအား အသုံးပြုပြီး အချင်း(၁၂)လက်မပိုက်လိုင်း ထပ်မံ၍ ကျုံးရေသွင်းလိုင်းတစ်လိုင်း တည်ဆောက်နိုင်ရေး တိုင်းတာပုံထုတ်လုပ်ကိုင်ဆောင်ရွက်ရန် စီစဉ်ပေးခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် လမ်း ၈၀နှင့် ၁၁လမ်း၊ ၁၀ လမ်းထောင့်များတွင်(၁၂ လက်မ)ရေပိုက်လိုင်းမကြီးမှ တစ်ဆင့် ကျုံးအတွင်း ရေသွင်းရန်နှင့် မန္တလေးတောင်ပေါ်သို့ ရေပို့လွှတ်စနစ်အလှည့်ကျ ဆောင်ရွက်နိုင်ရန် ဂိတ်ဘားများ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ တပ်ဆင်ဆက်သွယ်နိုင်ရေးအတွက် မြေပြင်အခြေအနေကိုလည်းကောင်း၊ လမ်း ၈၀နှင့် ၈၁ လမ်းကြား၊ ၂၁လမ်းနှင့် ၂၂လမ်းကြားရှိ စာတိုက်ကြီးဝင်းအတွင်း၌ အချင်း(၁၂)လက်မ အဝီစိတွင်း (၄)တွင်းဖြင့် ကျုံးအတွင်းသို့ ရေသွင်းရေးလုပ်ငန်းစတင် ဆောင်ရွက်နေမှုများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဧရာဝတီမြစ်ရေအား ကျုံးအတွင်းသို့ ရေဖြည့်သွင်းနိုင်ရန် လုပ်ငန်းများ အမြန်ဆုံးစီစဉ်ဆောင်ရွက်နိုင်ရေး ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူးနှင့် အဖွဲ့အား မှာကြားခဲ့သည်။



ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ် မြို့ပတ်ကမ်းနားလမ်း ဧရာဝတီမြစ် မရမ်းခြံဆိပ်သို့ ရောက်ရှိကြပြီး မန္တလေးဆိပ်ကမ်းသာယာလှပရေး စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အရှည်(၂၀၂၀)ပေ၊ အကျယ်(၁၀၀)ပေ၊ အမြင့်(၁၇)ပေရှိ ရေလွှတ်ရေပြင် တည်ဆောက်ရေးလုပ်ငန်းခွင် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာနှင့် အဖွဲ့က ရင်ပြင်အား ကွန်ကရစ်လောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လက်ရန်းများ တပ်ဆင်ပြီးစီးမှု(၆၀၀)ပေခန့် ကွန်ကရစ်လောင်းပြီး ရင်ပြင်တစ်လျှောက် ဆိုလာမီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က (ဧရာဝတီရှုခင်းသာရင်ပြင်)လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရေး ဖြည့်စွက်မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့သို့ သွားရောက်ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ပြင်ဦးလွင်မြို့ရပ်ကွက်ကြီး(၂)ရှိ မဟာရွှေမြင့်တင်စေတီတော်ကြီး အဝင်လမ်းပိုင်းများအား နိုင်လွန်ကတ္တရာအဆင့်မြှင့်တင် ခင်းကျင်းပြီးစီးမှုနှင့် အဝင်လမ်းတစ်လျှောက်ဘေးဝဲ၊ ယာတို့တွင် ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု၊ ယာဉ်များရပ်နားကွင်း တိုးချဲ့ဆောင်ရွက်ပြီးစီးမှု၊ ဘုရားပရိဝုဏ် အတွင်း၊ အပြင် ဆေးသုတ်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တောင်ဘက်အဝင်မုခ်ဦးအား ဆေးသုတ်မွမ်းမံပေးရန်နှင့် လမ်းပိုင်းတိုးချဲ့ရန်၊ ဝဲ၊ ယာ သန့်ရှင်း၊ သာယာ၊ လှပရေး လုပ်ငန်းများ ဆောင်ရွက်ရန် ကိစ္စရပ်များကို အမြန်ဆက်လက်ပြီးစီးရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိအား မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# ဝါဆိုလ မြတ်လေးပန်းနှင့် ကျန်းမာရေး

တင်ထက်ထက်ဇော်

ဝါဆိုလသည် မြန်မာလများတွင် စတုတ္ထ မြောက်လဖြစ်၍ နွေဥတုနှင့် မိုးဥတု နှစ်ခုစလုံး၌ ပါဝင်သည်။ နွေတစ်ပိုင်း၊ မိုးတစ်ပိုင်း ရောနှောနေသောလ ဖြစ်သည်။ မြတ်လေးပန်းနှင့် ပုန်းညက်ပန်းတို့ပွင့်ကြပြီး ရှေးမြန်မာတို့က အလွန်မွှေးလှသော မြတ်လေးပန်းအား ဝါဆို၏ရာသီပန်းအဖြစ် သတ်မှတ်ထားကြသည်။ ပန်းအဘိဓာန်တွင် မြတ်လေးပန်းကို ဖွဲ့သတ္တိရှိခြင်းအစွမ်းနှင့် ယှဉ်တွဲထားသည်ကို တွေ့ရပါသည်။ မူလပေါက်ရာအရပ်မှာ ဟိမဝန္တာတောင်၏ အနောက်မြောက်ဘက်ဒေသ ဖြစ်သည်။ မြတ်လေးပင်သည် ချုံနှင့်နွယ်မျိုးဝင်ဖြစ်ပြီး မျိုးစိတ်ပေါင်း ၁၀၁ မျိုးခန့်ရှိကြောင်း သိရသည်။

မြန်မာအဘိဓာန်တွင် မြတ်လေးပန်းကို "အမျှင်တံပေါင်းဖွဲ့သော အရွက်မျိုးရှိ၍ နှဲအော်လန်ကဲ့သို့သော အပွင့်ငယ်များ အဖြူ၊ အနီပွင့်တတ်သည့် နွယ်ရုံပင်တစ်မျိုး၊ ခြံစည်းရိုးမှာ မြတ်လေးပန်းတွေပွင့်နေတယ်။ star ipomea - Ipomea coccinea. အလွန်မွှေးသော အဖြူရောင် အပွင့်ငယ်များပွင့်သော ပန်းပင်တစ်မျိုး။ ရေသပြေရွှန်းရွှန်း၊ လင်းလွန်းမွှေးမွှေး၊ မြတ်လေးသွယ်သွယ်။ မဟာဓိ ＊၉ ။ spanish jasmine - Jasminum grandiflorum."ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

မြတ်လေးပန်းသည် Oleaceae မျိုးရင်းဖြစ်ပြီး အင်္ဂလိပ်အမည်အားဖြင့် Spanish jasmine, Catalonian jasmine, Califonia jasmine, Royal jasmine စသည်ဖြင့် အမျိုးမျိုးမှည့်ခေါ်ကြသည်။ အဖြူရောင်၊ အဝါရောင်၊ အနီစပ်နှင့် အနီရောင် ဟူ၍ အရောင်လေးမျိုး တွေ့ရတတ်ပြီး ရုက္ခဗေဒအမည်များအရ -

"အဖြူရောင် မြတ်လေးပန်းကို Jasminum grandiflorum Linn ဟု လည်းကောင်း၊

"အဝါရောင် မြတ်လေးပန်းကို Jasminum angustifolium ဟု လည်းကောင်း၊

"အနီစပ် မြတ်လေးပန်းကို Ipomoea quamedit ဟု လည်းကောင်း၊

"အနီရောင် မြတ်လေးပန်းကို Ouamoelit vulgaris ဟု လည်းကောင်း သတ်မှတ်ထားကြောင်း လေ့လာမှတ်သားရပါသည်။

**မုလေး (ခေါ်) မြတ်လေး**

မြန်မာနိုင်ငံ၏ အချို့အရပ်ဒေသတွင် "မုလေးပင်"ဟု ခေါ်ကြသည်။ မုလေးပန်းဟု ရေးသားခေါ်ဝေါ်ကြသည်မှာ အဘိဓာန်ကျမ်းတွင် သုမနာ၊ မုလေး။ ဇာတိသုမနာ၊ မုလေး။ မာလတီ၊ မုလေး။ ဇာတိ၊ မုလေး။ ဝိဿကီ၊ မုလေးဟူ၍ ပရိယာယ် ၅ ပုဒ် ပြဆိုထားကြောင်းနှင့် မြန်မာဘာသာတွင် မာလတီဟူသောအပုဒ်တွင် တီသဒ္ဒါကြေ၍ မာလသဒ္ဒါပျက် မုလေးဟု မြန်မာဘာသာ ရေးသားခေါ်ဝေါ်ကြသည်ဟု အယူရှိကြောင်း သိရပါသည်။

ထိုမုလေးပန်းကို ဒသင်္ဂုတ္တိုရ်အပ္ပမာဒသုတ်ပါဠိတော်၌ သတ္တဝါတွင် ဘုရား၊ မြေနိုက်သွား၍ ထင်သည်တွင် ဆင်၏ခြေရာ၊ အခြင်တကာတွင် အထွတ်၊ အမြစ်နံ့သာတွင် ကာဠာနုသာရီ၊ အနှစ်နံ့သာတွင် လောဟိတစန္ဒန၊ အပွင့်နံ့သာတွင် ဝဿကီပုပ္ဖ၊ မုလေးပန်း၊ မင်းများအပေါင်းတွင် စကြာမင်း၊ ကြယ်တကာ အရောင်တွင် လရောင်၊ မှောင်တကာကို ဖျောက်၍ ထွန်းလင်းသော အရောင်တွင် နေ၊ မြစ်တကာတွင် သမုဒ္ဒရာသာ အကြီးအကဲ အထွတ်အမြတ် ဖြစ်သကဲ့သို့ ကုသိုလ်တကာတွင် အပ္ပမာဒတရားမြတ်ကြောင်းများကို ဘုရားဟောတော်မူသည်ဖြစ်၍ မုလေးပန်းကား ပန်းတကာတွင် အထွတ်အမြတ်အသာဆုံး ဖြစ်သည်ဟု မှတ်သားရပါသည်။

**တော်ဝင်ပန်း**

မြတ်လေးပန်းသည် တော်ဝင်ပန်းဖြစ်သည့်အလျောက် ကုန်းဘောင်ခေတ်တစ်လျှောက်လုံးတွင် မြတ်လေးပန်းအဆီကို နန်းတွင်းသုံး ခေါင်းလိမ်းဆီအဖြစ် မြတ်မြတ်နိုးနိုး အသုံးပြုကြကြောင်း လေ့လာမှတ်သားရပါသည်။ မြတ်လေးပန်း၏ ထူးခြားချက်မှာ အပွင့်ကို ဆွတ်ခူးမည့်သူမရှိပါက ဘယ်သောအခါမျှ အလိုအလျောက် မြေမခတဲ နှမ်းခြောက်သွားသည့်အချိန်ထိ ပင်ယံထက်တွင် တည်ပါသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများအား ဣန္ဒြေသိက္ခာထိန်းသိမ်းကြရာ၌ "မြတ်လေးပန်းလိုကျင့်"ဟု ပမာနှိုင်း၍ ဆိုကြသည်။

ဝိမာနဝတ္ထုအဋ္ဌကထာတွင်လည်း ပန်းတွင်မုလေးပန်းမြတ်ကြောင်း ဆိုထားသည်။ ရွှေထီးရွှေနန်းမင်းအဆက်ဆက် ထွက်စံတော်မူရာ ရာဇမတ်တန်းမင်းလမ်းများတွင် တံခွန်ကုက္ကား၊ မုလေးပွား စိုက်ဆောက်သည်မှာလည်း အခါခပ်သိမ်း မုလေးပန်းဆိုင်း မရသောကြောင့် မုလေးပန်းတုအထည်စက္ကူများကို ပြုလုပ်ကြရကြောင်း၊ ထို့ကြောင့် မုလေးပွားဟုခေါ်ဆိုကြောင်း လေ့လာမှတ်သားရပါသည်။

**အပင်၏ ပုံသဏ္ဌာန်**

မြတ်လေးပင်တို့ကို မြန်မာနိုင်ငံ အနှံ့အပြားတွင် အလှစိုက်ပျိုးလေ့ ရှိကြသည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း မြတ်လေးပင်တို့ကို အဖြူရောင်၊ အဝါရောင်၊ အနီစပ်နှင့် အနီရောင် ဟူ၍ အရောင်လေးမျိုးရှိပြီး အဖြူ၊ အနီစပ်နှင့် အနီရောင်တို့မှာ ပုံသဏ္ဌာန်ထင်ရှားသည်။

"အဝါရောင် မြတ်လေးပင်သည် နွယ်မျိုးဖြစ်၍ လုံးပတ်မှာ ၄ လက်မမှ ၅ လက်မမျှ ရှိသည်။ အကိုင်းအခက်များ ကောက်ကောက်ကွေးကွေး ရှိသည်။ အရွက်သည် ၄ လက်မမှ ၆ လက်မအထိ ရှည်သည်။ ရွက်ရိုးတံနှစ်ဖက်စုံထွက်လျက်ရှိပြီး ၄ စုံမှ ၆ စုံအထိ ထွက်သည်။ အဖျားချွန်းသည်။ အပွင့်မှာ အလွန်မွှေးသည်။ အဝါရောင်အပွင့်များ ပွင့်၍ ကဆုန်လတွင် အသီးသီးကြသည်။

အဖြူရောင် မြတ်လေးပင်သည် နူးညံ့သော နွယ်ပင်မျိုးဖြစ်သည်။ ၎င်းအရွက်များသည် လိမ်ကောက်၍နေပြီး ၁၃ ပေမှ ၁၅ ပေအထိ နွယ်တက်သည်။ ရွက်လွှဲထွက်၍ သေးသွယ်သော အရွက်များ ထွက်ရှိသည်။ အပွင့်သည် အဖြူရောင်ရှိ၍ အနည်းငယ် ပျော့ပျောင်းသည်။ မြတ်လေးအနီပွင့်နှင့် သဏ္ဌာန်တူသော်လည်း မြတ်လေးအဖြူက သေးငယ်သည်။ လုံးဝန်းသော အသီးသီးသည်။

အနီစပ်ရောင် မြတ်လေးပင်သည် ချုံပင်ဖြစ်သည်။ အရွက်မှာ ထိပ်ဖျားချွန်း၍ လက်မခွဲမှ ၂ လက်မအထိ ရှည်သည်။ အရွက်အစွန်း သုံးခုရှိသည်။ အရွက် ခပ်ကျဲကျဲထွက်သည်။ အပွင့်မှာ မြတ်လေးအဖြူကဲ့သို့ ပွင့်သည်။ အစိမ်းရင့်ရောင် အရွက်မှာ အနည်းငယ်ထူ၍ မျက်နှာပြင် ပြောင်သည်။ အနီရောင်မြတ်လေးပင်သည်လည်း အလားတူ အပင်မျိုး ဖြစ်ပါသည်။

**ဆေးဖက်ဝင် အာနိသင်**

အပွင့်နှင့် အရွက်တို့ကို ဆေးဝါးအလို့ငှာ အသုံးပြုနိုင်ပါသည်။

မြန်မာ့ဆေးကျမ်းတွင် "မြတ်လေးပင်သည် ဖန်၊ ခါး၏။ စပ်၏။ ပူ၏။ ကြေကျက်လွယ်၏။ အန်စေတတ်၏။ ဒေါသသုံးပါးကို ငြိမ်းစေတတ်၏"ဟု ညွှန်းဆိုထားသည်။

မုလေးပွင့်၊ မုလေးမုံ၊ မုလေးရွက်တို့၏အကျိုးကို သီရိရာဇဖြေသေနရသေ့ စီရင်သည့် ဒြဗျဂုဏ်ဆေးကျမ်းတွင် "မုလေးပန်းသည် သလိပ်နာ၊ သည်းခြေနာ၊ သွေးနာ၊ ပေါက်သောအနာ၊ ပိုးနာ၊ နူနာကို ပယ်နိုင်၏။ ထိုမုလေးပန်း၏ အမုံအကင်းသည် မျက်စိနာနှင့်သင့်၏။ ထိုမုလေးရွက်သည် သလိပ်သည်းခြေကို နိုင်၏" ဟု ဆိုထားသည်။

ဝေဿာမိတ္တရသေ့စီရင်သည့် သရ ရတုကထန ဆေးကျမ်းတွင် "မုလေးကျီးပေါင်းကို ရေဝတီနက္ခတ်အကြိုက်တွင် ယူဆောင်လျှင်၊ လူအပေါင်းတို့စကားကို နာယူရသည်" ဟု ဆိုထားသည်။

Herbal(ခေါ်)ဆေးဖက်ဝင်အပင်များ ဆေးကျမ်းတွင် မြတ်လေးပန်းနှင့်ပတ်သက်၍ ဆေးစွမ်းထက်မြက်ပုံတို့ကို "Anxiety စိုးရိမ်စိတ်ကဲခြင်း၊ Calming စိတ်ငြိမ်စေခြင်း၊ Cancer (bone, lymph nodes, breast) အရိုးကင်ဆာ၊ တက်စေ့ကင်ဆာနှင့် ရင်သားကင်ဆာ၊ Conjuctivitis မျက်စိကျိန်း၊ Depression စိတ်ဓာတ်ကျခြင်း၊ Dermatitis အရေပြားရောင်ရမ်းခြင်း၊ Dry skin အသားအရေခြောက်ခြင်း၊ Exhaustion အားကုန်ခြင်း၊ Headaches ခေါင်းကိုက်ခြင်း၊ Stress relief စိတ်ဖိအားများခြင်းတို့အတွက် အသုံးပြုနိုင်၏" ဟု ဖော်ပြထားသည်။

အိန္ဒိယဆေးကျမ်းများတွင် "မြတ်လေးပန်းသည် စူးရှခါးသီးပြီး စူးရှသောအရသာ ရှိ၏။ ခံတွင်းရောဂါ၊ ခေါင်းကိုက်ခြင်း၊ ပန်းနာရင်ကျပ်၊ သွားပိုးစားခြင်း၊ ပါးစပ်ရောင်ခြင်း၊ မျက်စိရောဂါများအတွက် အလွန်အသုံးဝင်၏။ သွားကိုက်ခြင်း၊ ယားယံခြင်းနှင့် နားကိုက်ခြင်းတို့အတွက်လည်း အလွန်ကောင်းမွန်၏။ သွေးရောဂါ၊ နူနာ၊ အနာအမျိုးမျိုးတို့အတွက် အပင်၏အမြစ်သည် ဆေးစွမ်းထက်၏။ အရက်နာကျခြင်း၊ ခေါင်းကိုက်ခြင်း၊ သွေးထွက်လွန်ခြင်း၊ လေငန်း၊ ဒူလာရောဂါတို့အတွက် ကောင်း၏။ အနီရောင်ပန်းပွင့်ကို ဆိုးဆေး၊ သုတ်ဆေး အလို့ငှာ သုံးနိုင်၏။ မြတ်လေးပန်းအဆီသည် ခါး၏။ သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်၏။ ရောင်ရမ်းမှုကို သက်သာစေခြင်း၊ အရေပြားကို ပျော့ပျောင်းစေခြင်း၊ ဦးနှောက်ကို အားပြုစေခြင်း၊ အရိုးအဆစ် ကျန်းမာစေခြင်းအတွက် အသုံးတည့်၏။ ထို့ပြင် နားကိုက်လျှင် မြတ်လေးဆီဖြင့် နားကျပ်နိုင်၏။ ခါးသော အပင်အမြစ်ကို အခြောက်ခံအမှုန့်ပြု၍ ရေဖြင့်သောက်လျှင် အူတွင်းရှိ တုပ်ကောင်၊ သံကောင်များကို သေစေ၏" ဟု အကျယ်တဝင့် ရေးသားထားပါသည်။

"မြတ်လေးပန်းသည် အနံ့ရှူရှုံမှုဖြင့် အမူးအမောကို ပြေစေသော အာနိသင်ရှိသည်။ ချွေးထွက်လွန်ခြင်း၊ မူးဝေခြင်း၊ မောပန်းခြင်းများအတွက် မြတ်လေးပန်းပွင့်ကို ရှူပေးခြင်းဖြင့် သက်သာစေပါသည်။

မြတ်လေးပွင့် သုံးပွင့်ကို နှမ်းဆီဖြင့် ကြိတ်၍ ရှူပေးလျှင် ခေါင်းကိုက်ရောဂါပျောက်ကင်းစေနိုင်သည်။



အရွက်ကိုပြုတ်၍ နူတ်ငုံဆေးအဖြစ် ငုံပေးပါက သွားကိုက်၊ သွားနာ ပျောက်ကင်းသည်။

အဝါရောင်ပွင့်သော မြတ်လေးပင်၏ အရွက်ကိုကျို၍ သောက်လျှင် ချောင်းဆိုးရောဂါ ပျောက်ကင်းစေပါသည်။ ၎င်းအပင်၏ အရွက်ကို အပူပေး၍ ရလာသော ပေါင်းခံရည်ကို ယားနာ၊ ပွေးနာများတွင် လိမ်းပေးလျှင် သက်သာစေပါသည်။ ၎င်းအပင်တစ်ပင်လုံး (ပဉ္စငါးပါး - အမြစ်၊ ပင်စည်၊ အကိုင်း၊ အရွက်၊ အဖူးအပွင့်)တို့ကို ဆီနှင့်ချက်၍ ရလာသောအဆီဖြင့် လိမ်းကျံနှိပ်နယ်ပေးလျှင် အဆစ်ရောင်ရောဂါများ ပျောက်ကင်းစေပါသည်။

မြတ်လေးပန်းခြောက်ကို နှမ်းဆီတွင် စိမ်ထားပါ။ အဆိုပါဆီကို နားတွင်းကျပ်ပေးပါက နားပြည်ယိုရောဂါ ပျောက်ကင်းစေသည်။

နှလုံးရောဂါ၊ အမောရောဂါများအတွက် ဖော်စပ်သော ဆေးဝါးများတွင် မြတ်လေးပွင့်ကို ထည့်သွင်းဖော်စပ်ကြသကဲ့သို့ သွေးဆေးအေးများဖော်စပ်ရာတွင် ဆေးမယ်အဖြစ် ထည့်သွင်းဖော်စပ်လေ့ရှိပါသည်။

အိပ်မပျော်သောရောဂါရှိသူများအနေဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်စေရန် မြတ်လေးပန်းခြောက်မှုန့်ကို ပျားရည်တွင်စိမ်၍ ညအိပ်ရာဝင်ခါနီးမှာ လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာပမာဏ သောက်သုံးပါ။

အဖြူရောင်ပွင့်သော မြတ်လေးပင် ပဉ္စငါးပါး အလေးချိန် ၅ ကျပ်သားနှင့် ရေသန့် ၅၀ ကျပ်သားတို့ကို ထက်ဝက်ခန်းအောင် ကျိုချက်၍ သောက်ပေးခြင်းဖြင့် မီးယပ်ချုပ်ခြင်းကို ပျောက်ကင်းစေပါသည်။ မြတ်လေးဖြူပင် အရွက်ကို ကျက်ကျက်ကျို၍ ကျား၊ မ လိင်နာရောဂါများ အနာများအတွက် ဖန်ဆေးရည်အဖြစ် အသုံးပြုနိုင်ပါသည်။ ၎င်းအရွက် ၁၀ ကျပ်သားနှင့် နှမ်းဆီ ၁၀ ကျပ်သားတို့ကို စိမ်၍ ရလာသော ဆေးအဆီကို ပန်းသေ၊ ပန်းညှိုးရောဂါအတွက် လိမ်းပေးလျှင် အလွန်သန့်စွမ်းလာစေသည်။ ရက်အနည်းငယ်ကြာ ဤနည်းဖြင့် ပြုလုပ်ပေးနိုင်သည်။

အချုပ်အားဖြင့်ဆိုသော် ခါတော်မီမြတ်လေးပန်းတို့ လှိုင်လှိုင်ပွင့်ကြရာ ဝါဆိုလရာသီတွင် မွှန်မွှန်မြတ်မြတ် ဘုရားလည်းလှူကာ ဆံကေသာထက် ဆင်မြန်းကြရင်း ဆေးဝါးအလို့ငှာ အလိုရှိသလို သုံးစွဲနိုင်ကြပါကြောင်း အကြံပြုလိုက်ပါရစေ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## G Dragon ၏ ELLE 2024 မဂ္ဂဇင်းပုံရိပ်ဆွဲအားပြင်းစွာ တွေ့ရ

ကေပေါ့ပ်ဘုရင်ဟု သတ်မှတ်ခံထားရသည့် ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်၏ ၂၀၂၄ ခုနှစ် ELLE မဂ္ဂဇင်း ပုံရိပ်များ ထွက်ပေါ်လာရာ ဆွဲအားပြင်းစွာနှင့် မြင်တွေ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ်ဒုတိယမျိုးဆက်ဖြစ်သော ဘစ်ဘန်အဖွဲ့ခေါင်းဆောင်ဟောင်း ဂျီဒရယ်ဂွန်သည် စွန့်ဦးတီထွင်သူတစ်ဦးဖြစ်သကဲ့သို့ ကေ့ပေါ့ပ်ကို ကမ္ဘာသိလမ်းဖောက်ခဲ့သူတစ်ဦးလည်းဖြစ်ကာ ဖက်ရှင်ဘုရင်အဖြစ်လည်း ကျော်ကြားသူ ဖြစ်သည်။

မျိုးဆက်သစ်ကေပေါ့ပ်အဖွဲ့များ၏ စံပြနမူနာဖြစ်ခဲ့ပြီး ဘီတီအက်စ်မှ ဂျောင်ကုက ဂျီဒရယ်ဂွန်ကြောင့် အဆိုတော်ဖြစ်လာကာ၊ ကေပေါ့ပ်မျိုးဆက်သစ်များအပေါ် လွှမ်းမိုးမှု အားကြီးသူဖြစ်၍ လက်ရှိဧည့်သည်တော်ပါမောက္ခတာဝန်ကိုပါ ယူထားသည်။

အဆိုပါမဂ္ဂဇင်းခာတ်ပုံများတွင် ဂျီဒရယ်ဂွန်၏ဖက်ရှင်စတိုင်လ်၊ အရောင်များနှင့် စကားပြောတတ်သူဖြစ်၍ ဆွဲဆောင်အားပြင်းသည့် ပုံရိပ်များထွက်ပေါ်လာရာ ပရိသတ်များက ကေပေါ့ပ်ဘုရင်ကြီးကို ကြိုဆိုဂုဏ်ပြုထားကြသည်။

(SKY)



## ဗျူပရိုပီယွန် စိတ်ကျရောဂါပျောက်ဆေးသောက်လျှင် အဝလွန်မှုကို လျော့နည်းသက်သာစေမည်ဟု ဆို

ဗျူပရိုပီယွန် စိတ်ကျရောဂါပျောက်ဆေးသောက်လျှင် အဝလွန်မှုကို လျော့နည်းသက်သာစေမည်ဟု အမေရိကန်သုတေသီများ မကြာသေးမီကလေ့လာတွေ့ရှိခဲ့ကြောင်း ဇူလိုင်လဆန်းကထုတ်ဝေသည့် အတွင်းဆေးပညာဂျာနယ်တွင် ဖော်ပြသည်။

စိတ်ကျရောဂါပျောက်ဆေးအမျိုးမျိုး၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကို အမေရိကန်အခြေစိုက် ဟားဗတ်ဘုရားဖူးကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းမှ လူဦးရေဆေးပညာပါမောက္ခ ဂျိုရှုဝါပေတီမာ ဦးဆောင်သော သုတေသီများ နှိုင်းယှဉ်လေ့လာရာမှ ဗျူပရိုပီယွန်ဆေး၏ထူးခြားချက်ကို တွေ့ရှိခဲ့ခြင်းပင်ဖြစ်သည်။

၎င်းတို့သည် အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ အသက် ၁၈ နှစ်မှ ၈၀ အကြား အမျိုးသမီး၊ အမျိုးသား စုစုပေါင်း ၁၈၃၁၁၈ ဦးတို့ စိတ်ကျရောဂါပျောက်ဆေးသောက်သုံးပြီး ပေါ်ထွက်လာသည့်ရလဒ်များကို နှိုင်းယှဉ်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(SCI)

## BTS မှ Jin ၏ တာဝန်ယူမှု တာဝန်ခံမှုအပေါ် ပရိသတ် စံနမူနာဖြစ်ခဲ့ကြ





ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်)ကင်ဆွတ်ဂျင်သည် သင်တန်းကာလတွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တာဝန်ပြီးဆုံးချိန်ကို တာဝန်ယူမှု တာဝန်ခံမှုများနှင့် လုပ်ဆောင်သွား၍ ပရိသတ်များအတွက် စံနမူနာတစ်ခုဖြစ်ခဲ့သည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပုံမှန်အားဖြင့် ကျော်ကြားသူများ၏သတင်းကို ပရိသတ်အာရုံစိုက်မှု များပြားခဲ့၍ သင်တန်းပြီးဆုံးချိန်အတွက် ရဲအရာရှိအများအပြား အထူးတပ်ဖြန့်ထားကာ ဘစ်ဟစ်ကလည်း လုံခြုံရေးဝန်ထမ်းများစွာ စေလွှတ်ထားခဲ့သည်။

ဂျင်က သင်တန်းဆင်းသည့်နေ့တွင် ပရိသတ်ကို မလာရန်ကြိုတင်တောင်းဆိုထား၍ မလာခြင်းဖြင့် ဂုဏ်ပြုပေးခဲ့ကြပြီး သူကပရိသတ်ထံသွားရောက်တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

လုပ်ဖော်ကိုင်ဖက်များနှင့် ဂျင်က နှုတ်ဆက်မျက်ရည်ကျခဲ့ကြကာ ပရိသတ်ထံ အရောက်လာတွေ့၍ နွေးထွေးစွာ ဖက်လဲတကင်း(လူတစ်ထောင်)ကြိုဆိုမှုအတွက် ပရိသတ်များက သူ၏တာဝန်ယူမှု တာဝန်ခံမှုအပေါ် စံနမူနာဖြစ်ခဲ့ကြသည်။

(SKY)

## Wamiqa Gabbi ကို ကြွက်သားဘုရင်မဟု သတ်မှတ်



ဘောလိဝုဒ်အနုပညာရှင် ဝါမီကျူဂါဘီသည် သူမ၏ခန္ဓာကိုယ်အလှကို ကြွက်သားများနှင့် တည်ဆောက်နိုင်အောင် လေ့ကျင့်ခဲ့၍ ကြွက်သားဘုရင်မအဖြစ် သတ်မှတ်ခံရသည်ဟု ဘောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘောလိဝုဒ်အနုပညာရှင် အမျိုးသမီးများမှာ ခန္ဓာကိုယ်လှပရန်အတွက် လေ့ကျင့်ခန်းများစွာ ပြုလုပ်ခဲ့ကြရာမှ ဝါမီကျူဂါဘီက သူမ၏ခန္ဓာကိုယ်ကို ကြွက်သားများနှင့် အလှဆင်ရန် လေ့ကျင့်ခဲ့သည်။

ဝါမီကျူဂါဘီသည် အလေးမခြင်း၊ အစားအသောက်မျှတစွာ စားသုံးခြင်း၊ ရေသောက်ခြင်း စသည့် ပုံမှန်လေ့ကျင့်ခန်းများပြုလုပ်၍ သူမ၏ကြွက်သားအလှကို ထိန်းခဲ့ခြင်းမှာ မိသားစု၏တွန်းအားလည်းပါဝင်သည်ဟု ဆိုသည်။

အဘိုး၊ အဖေနှင့် အစ်ကိုများမှာ တောင့်တင်းသန်မာသော ကြွက်သားအလှရှင်များဖြစ်ကြပြီး အင်တာနက်မှ တစ်ဆင့် ခန္ဓာကိုယ်ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ပြီး ဆွဲဆောင်မှုရှိသော ကြွက်သားအလှ၏ ခန္ဓာကိုယ်ပိုင်ရှင် ဖြစ်ခဲ့သည်။

(SKY)

## Zhang Ziyi အပါအဝင် တရုတ်အနုပညာရှင်များ 2024 Weibo Movie Night တွင် ဆုရရှိထား



တရုတ်အနုပညာထူးချွန်ဆုပေးပွဲဖြစ်သည့် 2024 Weibo Movie Night တွင် ကျန်းဇီယီအပါအဝင် တရုတ်အနုပညာရှင်များ အနုပညာထူးချွန်ဆုရရှိထားသည့်စာရင်းကို ထုတ်ပြန်ထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန်းဇီယီနှင့် ဖိန်ရှန်က တစ်နှစ်တာရုပ်ရှင်မြင့်တင်ရေးဆု၊ အာရှန်ကွာနှင့် ဂျီအန်ချင်ချင်တို့က အနုပညာထူးချွန်ဆု၊ ဟွမ်ဘို၊ ဟွမ်ရှောင်မင်နှင့် မာလီတို့က သရုပ်ဆောင်မင်းသားဆု၊ လီရှောင်ဟုန်နှင့် ယိုချန်က ဖန်တီးမှုရုပ်ရှင်ဆု၊ ဆောင်ဂျီအာနှင့် ရှောင်ယောင်၊ ကျန်းဆီချန်၊ လျူဟောင်ရန်၊ ဝမ်ဘောင်ရှင်း၊ ဝမ်ဂျုန်ကိန်၊ လျူပိန်ကျင်းနှင့် ဝမ်ရိဘိုတို့လည်း ဆုအသီးသီး ရရှိခဲ့ကြသည်။

ဂေါင်ရီ၊ လင်ဖိန်၊ ဝမ်ချန်ဂျွန်၊ ကျန်းဂျွန်နင်း၊ ယူရှီ၊ ဟွမ်ရှန်၊ နီနီ၊ ပိန်ယူချန်း၊ ကျီရှီ၊ ဆန်ယန်၊ ဆန်ရီကျန်စသည့် အနုပညာရှင်များစွာလည်း ဆုရရှိခဲ့ကြသည်။

(SKY)

## Jimin ၏ ဒုတိယတစ်ကိုယ်တော်ဂီတ MUSE ထွက်ရှိမည်



ဘီတီအက်စ်အဖွဲ့ဝင်များ သင်တန်းတက်နေဆဲကာလအတွင်း ထွက်ရှိလာသည့် ဂီတအယ်လ်ဘမ်များတွင် ဂျီမင်၏ဒုတိယတစ်ကိုယ်တော်ဂီတ MUSE လည်း မကြာမီထွက်ရှိလာမည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင်ခုနစ်ဦးက သင်တန်းမသွားမီကာလကပင် ပရိသတ်များအတွက် ကြိုတင်ပြင်ဆင်ခဲ့ကြပြီး အားလပ်ချိန်ရသည်နှင့် တစ်ကိုယ်တော်ဂီတများကို စဉ်ဆက်မပြတ်ထုတ်ခဲ့ကြရာ ဗွီ၏ FRI (END)၊ အာရ်အမ်၏ Right Place Wrong Person၊ ဆူဂါ၏ D Day (Aug D) ဂီတတို့ ဖြစ်သည်။

အဖွဲ့ဝင်ဂျေဟုတ်၏ Hope on the Street နှင့် ဂျောင်ကု၏ Never let Go တို့လည်း ထွက်ရှိထားပြီး ကိုယ်တိုင်ရေး၊ ဆို ထုတ်လုပ်ထားကြကာ ကမ္ဘာ့ဂီတအဆင့်ထိ ဝင်ရောက်နေရာယူနိုင်ခဲ့ကြသည်။

ယခု ဂျီမင်၏ ဂီတအယ်လ်ဘမ်ကာဗာတွင် အဓိပ္ပာယ်များစွာနှင့်ကြော်ငြာထားရာ နာမည်၏ဘေးမှ Smeraldo ပန်းလေး၏အဓိပ္ပာယ်မှာ သူ မပြောနိုင်သည့် အမှန်တရားအကြောင်းဖြစ်ပြီး သက်တံ့ရောင်ခုနစ်မျိုးက သီချင်းတစ်ပုဒ်စီ၏ ကိုယ်ပိုင်အရောင်းလေးများဖြစ်လိမ့်မည်ဟု ထင်ကြေးပေးထားကြသည်။

(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ပဲရစ်အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲနေ့တွင် စိန်းမြစ်တစ်လျှောက် မြူးတူးပျော်ရွှင်ခဲ့ကြ

ပဲရစ် ဇူလိုင် ၂၇

ပဲရစ်အိုလံပစ်အားကစားပွဲတော်ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပရာ ပဲရစ်မြို့တော်၏ အထင်ကရဖြစ်သည့် စိန်းမြစ်တစ်လျှောက် ဖွင့်ပွဲလာပရိသတ်များ မြူးတူးပျော်ရွှင်ခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်အိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွင့်ပွဲအခမ်းအနားကို အဆန်းတကြယ်ဖြစ်အောင် စီစဉ်ကျင်းပခဲ့ရာ မြစ်ကမ်းနှစ်ဖက်စလုံးတွင် လူပေါင်းသိန်းနှင့်ချီ၍ စုဝေးကာ အားပေးခဲ့ကြသည်။



လာရောက်ယှဉ်ပြိုင်သော ကမ္ဘာ့နိုင်ငံအသီးသီးမှ အားကစားမောင်မယ်များသည် စိန်းမြစ်ထဲတွင် မော်တော်များဖြင့် စုန်ဆင်းလာကြရာ ပဲရစ်မြို့ခံပရိသတ်များက စောင့်ကြိုလက်ပြအားပေး နှုတ်ဆက်ခဲ့ကြသည်။

ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် ကမ္ဘာ့နိုင်ငံနှင့် နေရာဒေသအသီးသီးမှ အားကစားမောင်မယ်ပေါင်း ၁၀၅၀၀ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အရှေ့တောင်အာရှ၌ ကွယ်ပျောက်သွားသည့် ကျားများ ထိုင်းဘေးမဲ့တောထဲတွင် အကောင်ရေတိုးပွားလာ



**ဘန်ကောက် ဇူလိုင် ၂၇**

အရှေ့တောင်အာရှ၌ ကွယ်ပျောက်သွားသည့်ကျားများ ထိုင်းဘေးမဲ့တောထဲတွင် အကောင်ရေတိုးပွားလာလျက်ရှိသည်ဟူသော သတင်းကောင်းကို ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်သူများက ကြိုဆိုခဲ့ကြကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံ ဟွိုင်ခါခင် ဘေးမဲ့တောထဲရှိ သောင်ယိုင်အရှေ့ပိုင်းနှင့် အနောက်ပိုင်း ခွဲခြားသတ်မှတ်ထားသောတောအုပ်များအတွင်း ကျားကောင်ရေ နှစ်ဆတိုးလာကြောင်း ထိုင်းတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့က အတည်ပြုကြေညာသည်။

သစ်တောထဲ၌ တပ်ဆင်ထားသော လျှို့ဝှက်ကင်မရာများမှ တစ်ဆင့် တွေ့ရှိမှတ်တမ်းတင်ကာ တိုးပွားလာသော ကျားအကောင်ရေကို တွက်ချက်ခဲ့ခြင်းဖြစ်သည်။

အရှေ့တောင်အာရှရှိ စင်ကာပူ၊ ဂျာဗား၊ ဘာလီ၊ ဗီယက်နမ်၊ လာအိုနှင့်ကမ္ဘောဒီးယားတို့တွင် ကျားများ ပျောက်ကွယ်သွားကာ မြန်မာ၊ စူမတြာ၊ မလေးရှား ကျွန်းဆွယ်တို့တွင် ကျားအကောင်ရေအနည်းငယ်မျှသာ ကျန်တော့ကြောင်း သိရသည်။

**Mon**

## မူလအစီအစဉ်အတိုင်း လျှပ်စစ်ကားများထုတ်လုပ်ရန် တရုတ်နိုင်ငံမှ ရှောက်မီကုမ္ပဏီ လုံ့ဝနောက်တွန့်ခြင်း မရှိ

**ပေကျင်း ဇူလိုင် ၂၇**

တရုတ်နိုင်ငံမှ ရှောက်မီကုမ္ပဏီအနေဖြင့် မူလအစီအစဉ်အတိုင်း လျှပ်စစ်ကားများ ထုတ်လုပ်ရန် လုံ့ဝနောက်တွန့်ခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လက်ကိုင်ဖုန်း ထုတ်လုပ်ဖြန့်ချိပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် နာမည်ရခဲ့သော ရှောက်မီကုမ္ပဏီအနေဖြင့် ၂၀၂၃ ခုနှစ်နှစ်ကုန်ပိုင်းတွင် အက်စ်ယူ ၇ လျှပ်စစ်ကားများကို ဦးဦးဖျားဖျား ထုတ်လုပ်ခဲ့သည်။



အမေရိကန်အခြေစိုက် တက်စလာကုမ္ပဏီကထုတ်လုပ်သည့် လျှပ်စစ်ကားများနှင့် ဈေးကွက်ယှဉ်ပြိုင်နေရသော်လည်း ရှောက်မီကုမ္ပဏီက ယခုနှစ်တွင် မူလအစီအစဉ်အတိုင်း လျှပ်စစ်ကားအစီးရေ ၁၀၀၀၀၀ အထိ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**



တူရကီနိုင်ငံ ကားစ်ဒေသ ဆာရီကာမစ်ခရိုင်တွင် ပန်းဝတ်ရည်သောက်သုံးနေသော လိပ်ပြာတစ်ကောင်ကို တွေ့ရစဉ်။

**Mon**

## ဖိလစ်ပိုင်မုန်တိုင်းဘေး ကယ်ဆယ်ရေးအတွက် စင်ကာပူကြက်ခြေနီအသင်း ရန်ပုံငွေ တိုးမြှင့်ရန်လိုအပ်

**စင်ကာပူ ဇူလိုင် ၂၇**

ဖိလစ်ပိုင်မုန်တိုင်းဘေးကယ်ဆယ်ရေးအတွက် စင်ကာပူကြက်ခြေနီအသင်း ရန်ပုံငွေတိုးမြှင့်ရန်လိုအပ်လျက်ရှိသည်ဟု အသင်းအတွင်းရေးမှူးချုပ်နှင့် အမှုဆောင်အရာရှိချုပ် ဘင်ဂျမင်ဝီလျံက ဇူလိုင် ၂၆ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကာရီနာဟု ဖိလစ်ပိုင်၌ ခေါ်တွင်သော တိုင်ဖုန်းမုန်တိုင်း ဒဏ်ကြောင့် မနီလာမြို့တော်နှင့် အနီး ပတ်ဝန်းကျင်မြို့များတွင်



မိုးသည်းထန်ရေကြီးမှုများ ဇူလိုင် ၂၄ ရက်မှ စတင်ကြုံတွေ့ခဲ့ရသည်။

ဖိလစ်ပိုင်ဒေသခံ ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အပြည့်အဝလုပ်ဆောင်နိုင်ခြင်းမရှိသဖြင့် စင်ကာပူကြက်ခြေနီအသင်းက သွားရောက်ကူညီပေးလျက်ရှိသည်။

လူ ၂၀ ကျော်သေဆုံးကာ ရာနှင့်ချီ၍ ပျောက်ဆုံးနေသဖြင့် ဖိလစ်ပိုင်ကြက်ခြေနီအသင်းနှင့် ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်ခဲ့ရာ စင်ကာပူကြက်ခြေနီအသင်းအနေဖြင့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ဧဝရက်တောင်ထိပ်သို့ (၁၀)ကြိမ်တက်ရောက်ခဲ့သည့် လတ်ခပါ မိသားစုနှင့်အတူ အမေရိကန်၌ အခြေတကျဖြစ်နေ

**ဝါရှင်တန် ဇူလိုင် ၂၇**

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ (၁၀)ကြိမ်တက်ရောက်ခဲ့သည့် လတ်ခပါအနေဖြင့် ယခုအခါ သားသမီးသုံးဦးနှင့်အတူ အမေရိကန်ပြည်ထောင်စု၌ အခြေတကျဖြစ်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နှစ် ၁၀၀ ခန့်အတွင်း တောင်တက်သူ ၃၀၀ ဦးကျော် သေဆုံးစေခဲ့သည့် ဧဝရက်တောင်ထိပ်သို့ (၁၀)ကြိမ် တက်ရောက်ခဲ့သည့် အာဂအမျိုးသမီးအဖြစ် နာမည်ကျော်ကြားခဲ့သော နီပေါနိုင်ငံသူ လတ်ခပါသည် ရိုမေးနီးယားနွယ်ဖွား တောင်တက်သမား ဂျော့ချ်ဒီမာရေစကူနှင့် ကွဲကွာသွားပြီးနောက် သားတစ်ဦး၊ သမီး နှစ်ဦးနှင့်အတူ အမေရိကန်ပြည်ထောင်စု၌ အခြေချနေထိုင်ခြင်းဖြစ်သည်။



အသက် ၁၅ နှစ်အရွယ်ကတည်းက ဧဝရက်တောင်ကြောတွင် အထမ်းသမားဘဝဖြင့် ကျင်လည်ခဲ့ပြီးနောက် တောင်တက်လမ်းပြဖြစ်လာသော လတ်ခပါဘဝ ခက်ခဲကြမ်းတမ်းခဲ့သည်။

ကိုယ်ထိလက်ရောက် ရိုက်နှက်ထိုးကြိတ်ခဲ့သော ခင်ပွန်းဖြစ်သူနှင့် ၂၀၁၅ ခုနှစ်တွင် တရားဝင်ကွာရှင်းခဲ့ပြီးနောက် ၎င်းသည် ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် ကုန်စုံဆိုင်သန့်ရှင်းရေးဝန်ထမ်းအဖြစ် အသက်မွေးနေကြောင်း သိရသည်။ **Mon**

## တောမီးလောင်မှု စတင်ခဲ့သည်ဟု သံသယရှိသူ အရီဇိုးနားပြည်နယ်တွင် ဖမ်းဆီးခြင်းခံရ



**ဝါရှင်တန် ဇူလိုင် ၂၇**

အမေရိကန်ပြည်ထောင်စု၊ အရီဖိုးနားပြည်နယ် အရှေ့တောင်ပိုင်းဒေသတွင် အသက် ၂၂ နှစ်အရွယ် ခီးယားနူဒု အမည်ရှိ အမျိုးသားတစ်ဦး အမေရိကန်အလံတစ်ခုကို မီးရှို့ရာမှ တောမီးလောင်မှု စတင်ဖြစ်ပွားခဲ့သည်ဟု သံသယရှိ၍ ဖမ်းဆီးခြင်းခံထားရကြောင်း ဘာရီဇီစခရိုးလ်သတင်းဌာနက ဖော်ပြသည်။

ယင်းတောမီးကြောင့် မြေဧက ၂၀၀၀ ကျော်၊ အိမ်ရာ ၂၁ လုံး ပျက်စီးခဲ့သည်။

ဒဏ်ရာရရှိသူ၊ သေဆုံးသူမရှိဘဲ ဒေသခံ ၇၀ ခန့် မီးဘေးကင်းရာသို့ ရှောင်တိမ်းနိုင်ခဲ့ကြသည်။

ခီးယားနူဒု သည် မီးရှို့မှုဖြင့် စွဲချက်တင်ခံထားရပြီး ဒေသခံများက တရားမျှတမှုကို မျှော်လင့်နေကြောင်း သိရသည်။

**WYN**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယနေ့ နံနက်၁၀နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် (Community Centre) ခန်းမ၌ ဆောင်ရွက်သည်။




အဆိုပါ Talk Show တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေနှင့် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိမ်းလဲ့ရည်တို့က ကလေးအလုပ်သမားရဲ့အဓိပ္ပာယ်၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်း၊ ကလေးများ အလုပ် လုပ်ကိုင်နေသည့် အသက်အရွယ်၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များနှင့် ကလေးအလုပ်သမားဆိုင်ရာနှင့် ပတ်သက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**စော်ထက်(သရက်)**

## ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း



**မြစ်သား ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ပြည်သူများ လျှပ်စစ်မီးသုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ယိမ်းယိုင်နေသည့် ဓာတ်တိုင်များအား တည့်မတ်ခြင်း၊ လျော့ကျနေသည့် လျှပ်စစ်ကြိုးများအား ပြန်လည်ပြုပြင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၂ရက် နံနက် ၁၀နာရီက ရပ်ကွက်(၁)ရပ်ကွက်နှင့်ကျေးရွာ ၂၄ရွာမှ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး လျှပ်စစ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်၊သစ်ကိုင်းများအား စနစ်တကျ ခုတ်ထွင်ရှင်းလင်းခဲ့သည်။

အဆိုပါ သစ်ပင်၊ သစ်ကိုင်းခုတ်ထွင်ရှင်းလင်းသော လျှပ်စစ်ဓာတ်အားလိုင်းသည် မြစ်သားမြို့နယ် ၃၃/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေဓာတ်ခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးနေသည့် ၁၁ ကေဗွီ ရေဝန်းဓာတ်အားလိုင်းဖြစ်ကြောင်းနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းကြောင့် အဆိုပါ ဓာတ်အားလိုင်းမှ လျှပ်စစ်သုံးစွဲသည့် အသေးစား၊ အငယ်စား လုပ်ငန်းရှင်များနှင့် ပြည်သူ၃၀၉၂ဦးတို့ လျှပ်စစ်မီးသုံးစွဲရာ၌ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း မြစ်သားမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရပြီး လုပ်ငန်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဆောင်မှုဖြင့် လိုင်းဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းခဲ့ပြီး ထွက်ရှိလာသော သစ်ပင်သစ်ကိုင်းများကို စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေး Talk Show ကို ကျင်းပသည်။

အဆိုပါ Talk Show တွင် လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဦးက မြန်မာနိုင်ငံအနေနဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး လုံးဝလက်မခံတဲ့မူဝါဒကို လက်ကိုင်ထားဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြယုဂ်တစ်ခုအနေနှင့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို ၂၀၁၈ခုနှစ်




ဒီဇင်ဘာလတွင် ပါဝင်လက်မှတ်ရေးထိုးထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန် သန္နိဋ္ဌာန်ရှိသည်နှင့်အညီ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့် ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ခုနှစ် မတ် ၃၁ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုဆိုင်ရာဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ၂၀၂၂ခုနှစ် ဇူလိုင် ၄ ရက်တွင် အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အစဉ်အလာမပျက် ထိန်းသိမ်းခဲ့ကြောင်း စသည့်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေး အကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ဝေဝေနိုင်(ပြန်/ဆက်)**

## မိုးရွာသွန်းမှုများကြောင့် သက်တမ်းရင့်ညောင်ပင်ကြီး အမြစ်မှပြိုလဲမှု ဖြစ်ပွား



**သရက် ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊သရက်မြို့၊ပြည်တော်အေးရပ်ကွက်၊ ရေမှတ်တိုင်လမ်းဘေးတွင် လုံးပတ် ၁၈ပေ၊ အမြင့်ပေ ၃၀ခန့်ရှိသော သက်တမ်းရင့်ညောင်ပင်ကြီးသည် မိုးရွာသွန်းမှုများကြောင့် အမြစ်မှပြိုလဲကာ အဆောက်အအုံအပေါ်သို့ ပိမိမှု ဇူလိုင် ၂၅ ရက် မနက် ၁၁နာရီခွဲက ဖြစ်ပွားခဲ့သည်။

အဆိုပါ ညောင်ပင်ပြိုလဲသည့်နေရာသို့ သရက်မြို့နယ် မီးသတ်ဦးစီးမှူးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးယာဉ်တို့ဖြင့် သွားရောက်ကာ နှစ်ခန်းတွဲ ဝန်ထမ်းလိုင်းခန်းအဆောက်အအုံအပေါ်သို့ ပိမိနေသော သစ်ကိုင်းများ၊ လမ်းပေါ်လဲကျနေသည့် ပင်စည်တို့အား ခုတ်ထစ်ရှင်းလင်း ဖယ်ရှားပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ရက်မှ၂၁ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း(၂ ဒသမ ၇၄၈၀)တန်၊ သစ်မာ(၁၁ ဒသမ ၁၉၉၈)တန်၊ အခြား (၂၃ ဒသမ ၀၉၁၀)တန်၊စုစုပေါင်း(၃၇ဒသမ ၀၃၈၈)တန်၊ယာဉ်၊ယန္တရား ၇စီး၊ တရားခံ ၅၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

## မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မဟာခေမိကာရာမ သစ်ဆိမ့်ကျောင်းတိုက်ရှိ ဆရာတော်သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ဆရာတော်သံဃာတော် အပါး ၈၀ နှင့် ဒေသခံပြည်သူ ၇၃ ဦး စုစုပေါင်း ၁၅၃ ဦး တို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(အပေါ်ဝဲပုံ)(၀၃၈)**

## ငါ့သရောက်မြို့တွင် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ငါ့သရောက် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့တွင် နယုန်လဆန်းပိုင်းက စိုက်ပျိုးထားသည့် နှမ်းစိုက်တောင်သူများ နှမ်းများ အောင်မြင်ဖြစ်ထွန်းမှု ကောင်းမွန်ပြီး ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

နှမ်းများ စိုက်ပျိုးရန်အတွက် မိုးဦးမကျခင်ကာလမှစတင်ကာ ယာမြေများကို ပြုပြင်ခြင်း ထွန်ယက်ခြင်း၊ ပေါင်းကောက်ခြင်းများပြုလုပ်ကာ ယာထွန်ခ တစ်မနက်ကို ၂၅၀၀၀ ကျပ် နှုန်းပေးရပြီး၊ ပေါင်းကောက်ငှားရမ်းခ တစ်မနက်ခင်း ၄၀၀၀ ကျပ်နှုန်းဖြင့် ယာခင်းကို ပြုပြင်ကာ နယုန်လဆန်းပိုင်း မိုးဦးကျသည့်အချိန်တွင် ကန်ရှိနှမ်းမျိုး တစ်ပြည် (၆၀၀၀)ကျပ်နှုန်းဖြင့် ပေးဝယ်ကာ စိုက်ပျိုးခဲ့ကြောင်းနှင့် နှမ်းအပင်ဖြစ် ထွန်းအောင်မြင်ရန်အတွက် နှမ်းအားဆေး၊ နှမ်းပွင့်ဆေး၊ နှမ်းသီးဆေးများကို အသုံးပြုကာ ယခုအချိန်တွင် နှမ်းအပင်ဖြစ် ကောင်းမွန်နေပြီး နှမ်းသိမ်းချိန် ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်းနှင့် ရရှိလာတဲ့နှမ်းများကို ကျောက်ပန်းတောင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့များသို့ ပြန်လည်ရောင်းချကြကြောင်း သိရသည်။

**(မြို့နယ်ပြန်ဆက်)**

## ညောင်လေးပင်မြို့နယ်၌ စစ်တောင်းမြစ်ကမ်းပါးအနည်းငယ်ပြိုကျ၊ လျှပ်စစ်ဓာတ်အားလိုင်း ထိခိုက်ပျက်စီး

ညောင်လေးပင် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အနိမ့်ပိုင်းနေရာများ ရေလွှမ်းမိုးခြင်း၊ စစ်တောင်းမြစ်ကမ်းပါးနေရာအချို့ပြိုကျခြင်း၊ လျှပ်စစ်မီးဓာတ်တိုင်များ ထိခိုက်ပျက်စီးကြောင်း သိရသည်။ ဇူလိုင် ၂၅ ရက်မှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ညောင်လေးပင်မြို့ပေါ်ရှိ ရပ်ကွက်ငါးခုနှင့် မဒေါက်မြို့အပါအဝင် မဒေါက်မြို့အနီး စစ်တောင်းမြစ်ကမ်းပါးအနီးရှိကျေးရွာများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ရေကြီးမှုကြောင့် ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့အနီး ရွှေကျင်မြို့နယ် ဆုံကုန်းကျေးရွာ၌ စစ်တောင်းမြစ်ကမ်းပါး အနည်းငယ်ပြိုကျခြင်းနှင့် ဆုံကုန်းကျေးရွာနှင့် တာဦးကျေးရွာကို ဆက်သွယ်ထားသော ၁၁ ကေဗွီ စစ်တောင်းမြစ်ကူး ဓာတ်အားလိုင်းနှင့် ဓာတ်တိုင်များ ကျိုးကျပျက်စီးခဲ့သည်။ အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်း ပျက်စီးမှုကြောင့် တာဦးကျေးရွာ၊ ရေပေါ်သောင်ကျေးရွာ၊ ဇောမိကုန်းကျေးရွာ၊ ပြည်ကိုယ်တော်ကျေးရွာ၊ သောင်းကြီးကျေးရွာများ၌ လျှပ်စစ်မီးများ ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)





## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Shwe C Chel" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ မြတ်ချယ်အား မွန်းလွဲ ၂ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံအနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားခဲ့ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# နိုင်ငံတကာ အားကစား သတင်းများ




## မာလန်းစ်ဆား လန်းစ်အသင်းတွင် ကျောနံပါတ် ၂၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**ပါရီ ဇူလိုင် ၂၇**

နောက်ခံကစားသမားသစ် မာလန်းစ်ဆား လန်းစ်အသင်းတွင် ကျောနံပါတ် ၂၀ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်း ချဲလ်ဆီးအသင်းမှ လန်းစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ မာလန်းစ်ဆားက "ကျွန်တော် လန်းစ်အသင်းမှာ ကျောနံပါတ် ၂၀ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ။ လာမည့်ဘောလုံးရာသီသစ်မှာ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## ဖာလန်းမန်ဒီ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၇ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးမည်

**မက်ဒရစ် ဇူလိုင် ၂၇**

နောက်ခံကစားသမား ဖာလန်းမန်ဒီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၇ ခုနှစ် ဇွန်လအထိ စာချုပ်သက်တမ်းတိုးသွားမည် ဖြစ်သည်။ (အောက်ပုံ)

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိအချိန် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၇ ခုနှစ် ဇွန်လအထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားရန်လည်း သဘောတူညီမှု ရရှိထားပြီးဖြစ်သည်။




နောက်ခံကစားသမား ဖာလန်းမန်ဒီအား လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဖာလန်းမန်ဒီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၉ ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(NGB)




## လီဗာပူးအသင်းက ဘက်တစ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လီဗာပူး ဇူလိုင် ၂၇**

နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ယနေ့နံနက်ပိုင်းက လီဗာပူးအသင်းနှင့် ဘက်တစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက ဘက်တစ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ (အပေါ်ပုံ)

လီဗာပူးအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် ဆိုဘော့ဇလိုင်းက သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းသည် နိုင်ငံတကာကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် လာမည့် ဩဂုတ် ၁ ရက်တွင် အာဆင်နယ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားဦးမည် ဖြစ်သည်။

(NGB)

## ဂျက်စပါလင်းစတောင်းအား တစ်ရာသီအငှားစာချုပ်ဖြင့် အဲဗာတန်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၇**

အဲဗာတန်အသင်းသည် နာပိုလီအသင်း တောင်ပံကစားသမား ဂျက်စပါလင်းစတောင်းအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဲဗာတန်အသင်းသည် ဂျက်စပါလင်းစတောင်းအား အငှားခေါ်ယူခွင့်အတွက် နာပိုလီအသင်းထံ ယူရို ၂သန်း ပေးချေခဲ့ရပြီး အငှားစာချုပ်ပြည့်ပြီးပါက ယူရို ၂၂ ဒသမ ၅သန်းဖြင့် အပြီးသတ်ခေါ်ယူသွားမည် ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက နာပိုလီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၉ ပွဲကစားပြီး ခြေစွမ်းပြထားခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။




အဲဗာတန်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား (၃)ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

(ဝဲပုံ)

(NGB)

## အန်တိုနီယိုဆေးလ်ဗားအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း ဆွေးနွေး

**မန်ချက်စတာ ဇူလိုင် ၂၇**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘင်ဖီကာအသင်း နောက်ခံကစားသမား အန်တိုနီယိုဆေးလ်ဗားအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။(အောက်ပုံ)

အသက်(၂၀)နှစ် အရွယ်ရှိ နောက်ခံကစားသမားသည် ဘင်ဖီကာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၄ ပွဲကစားပြီး ၇ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

နောက်ခံကစားသမား အန်တိုနီယိုဆေးလ်ဗား ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဘင်ဖီကာအသင်းထံမှ အန်တိုနီယိုဆေးလ်ဗားအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(NGB)




## ၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ (အုပ်စုအဆင့်)ပွဲစဉ်များ

**နိုင်ကမ္ဘာ**

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၂၈-၇-၂၀၂၄ တနင်္ဂနွေနေ့ | ည၉း၃၀နာရီ | C | ဘရာဇီး - ဂျပန် |
| ။ | ။ | A | နယူးဇီလန် - ကိုလံဘီယာ |
| ။ | ည၁၁း၃၀နာရီ | C | စပိန် - နိုင်ဂျီးရီးယား |
| ။ | ။ | B | ဩစတြေးလျ - ဇမ်ဘီယာ |
| ၂၉-၇-၂၀၂၄ တနင်္လာနေ့ | နံနက်၀၁း၃၀နာရီ | A | ပြင်သစ် - ကနေဒါ |
| ။ | ။ | B | အမေရိကန် - ဂျာမနီ |

## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)

**နိုင်ကမ္ဘာ**

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ် ၁၊ ၂၊ ၃)ရလဒ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၈-၇-၂၀၂၄ တနင်္ဂနွေနေ့ | ညနေ ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | (၁၁)သစ္စာအားမာန် - ရှမ်း(၁) (L,L,L) (W,W,W) | ——— |

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

**နိုင်ကမ္ဘာ**

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၈-၇-၂၀၂၄ တနင်္ဂနွေနေ့ | ည ၈း၀၀နာရီ | ဒူရန်မာဇင်းနစ်(ဂျာမနီ) - ဘိုင်ယန်မြူးနစ်(ဂျာမနီ) |
| ၂၉-၇-၂၀၂၄ တနင်္လာနေ့ | နံနက် ၀၁း၃၀နာရီ | ဘင်ဖီကာ(ပေါ်တူဂီ) - ဖီယင်နို့(နယ်သာလန်) |

## 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Francisco Cerundolo တက်ရောက်

**လန်ဒန် ဇူလိုင် ၂၇**

ခရိုအေးရှားနိုင်ငံတွင် ကျင်းပလျက်ရှိသာ 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အာဂျင်တီးနား တင်းနစ်ကစားသမား Francisco Cerundolo တက်ရောက်ခဲ့သည်။ (အောက်ပုံ)

အဆိုပါ အာဂျင်တီးနား တင်းနစ်ကစားသမား Francisco Cerundolo သည် 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Andrey Rublev အား ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။



2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား Francisco Cerundolo နှင့် အီတလီတင်းနစ်ကစားသမား Lorenzo Musetti တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(NGB)

# တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသားအားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၇**

၂၀၂၄ ပညာသင်နှစ် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၏ ကျောင်းသားအားကစားပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှေ့ရှိ ကွင်းပြင်တွင် ကျင်းပသည်။

အစီအစဉ်အရ တိုင်းရင်းဆေးတက္ကသိုလ်၊ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသိန်းဇော်လင်းက အဖွင့်အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲ အသီးသီးတွင် ဆုရရှိကြသည့် အားကစားမောင်မယ်များကိုသက်ဆိုင်ရာ ဆရာ၊ ဆရာမများက ဆုဖလား၊ ဆုတံဆိပ်နှင့် ဆုငွေများ အသီးသီးချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်ဌာနမှူး၊ ဌာနတာဝန်ခံများ၊ အားကစားပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ အသီးသီးမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အားကစားသမားများ တက်ရောက်ကြသည်။

ကျောင်းသား၊ ကျောင်းသူများ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့်အသင်းအဖွဲ့အလိုက် စုပေါင်းဆောင်ရွက်တတ်စေရန်အတွက် အားကစားပြိုင်ပွဲများဖြစ်သည့် ဖူဆယ်ဘောလုံးပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)၊ ကြက်တောင်ရိုက်ပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး) တစ်ဦးချင်းနှင့် အတွဲလိုက်၊ စားပွဲတင်တင်းနစ်ရိုက်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး)တစ်ဦးချင်းနှင့် အတွဲလိုက်၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ (အမျိုးသား)နှင့် E-Sport game ပြိုင်ပွဲ စသည့် အားကစားနည်း ၅ မျိုးကို ဇူလိုင် ၁၈ ရက်မှ ဇူလိုင် ၂၆ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၉၃)**





# အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) သင်တန်းသား၊ သင်တန်းသူများ ကြံ့ခိုင်စွမ်းရည် စစ်ဆေး

**မန္တလေး ဇူလိုင် ၂၇**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် ပြုလုပ်သည်။ သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက်ရှိ သင့်သည့်ကြံ့ခိုင်စွမ်းရည်များပြည့်ဝစေရေးအတွက် နည်းစနစ်မှူးများက စစ်ဆေးကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် နည်းပြများက ကြည့်ရှုကြသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၀၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄၃ခု၊ ငွေ ၄၇၃ခု၊ ကြေး ၈၀၃ခု စုစုပေါင်းဆုတံဆိပ် ၁၆၀၃ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၄၅)**

# လူဦးရေနှင့် အိမ်အကြောင်းအရာ၊ သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲ ကျင်းပ

**အမရပူရ ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောတွင်ကျေးရွာအုပ်စု၊ ထုံးဘိုကျေးရွာတွင် ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ ရွာလည်ဓမ္မာရုံတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ရုံးမှ ၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဦးစွာ အမရပူရမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးက အမှာစကားပြောကြားသည်။ ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ် ဦးစီးမှူးရုံး၊ ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းက ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ရက်မှ ၁၅ ရက်ထိ ကောက်ယူမည့် သန်းခေါင်စာရင်းအကြောင်းအရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်ပြီး ယခုလိုဟောပြောပွဲများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဟောပြောပွဲအပြီးတွင် ပြည်သူများ လေ့လာနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ဝေသော လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ အခမ်းအနားသို့ အမရပူရမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ရုံးမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့သည်။



**(အပေါ်ပုံ)**

ယခုကဲ့သို့ အသိပညာပေးဟောပြောပွဲများကို တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်၊ကျေးရွာများနှင့် အလုပ်ရုံများပါမကျန် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်းလည်း ဦးစီးအရာရှိထံက သိရသည်။ **စိုးသီဟ(အမရပူရ)**

# စိုက်ပျိုးသီးနှံမျိုးစုံ ရေပြည့်ဝစွာပေးနိုင်ရေး ရေပေးပြွန်(၅)လုံးအား ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးသီးနှံမျိုးစုံ ရေပြည့်ဝစွာပေးနိုင်ရေး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အောက်လင်းဇင်းမြောင်းတွင် တိုက်ရိုက်ရေပေးပြွန် ၅ လုံး ပြန်လည်ပြုပြင်ပေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် တောင်သူများ အဆင်ပြေလျက်ရှိသည်။

အောက်လင်းဇင်းမြောင်းမှ ပြန်လည်ပြုပြင်ပေးခဲ့သည့် ရေပြွန်များသည် မြောင်း၏ယာဘက် ပေတိုင်အမှတ်(၁၂+၅၀၀)၊ (၁၃+၄၅၅)၊ (၁၅+၄၉၅)နှင့် မြောင်း၏ ဝဲဘက်ပေတိုင်အမှတ်(၁၃+၄၅၅)၊ (၁၅+၅၇၀)နေရာများတွင်တည်ရှိပြီး နှစ်ကာလကြာမြင့်သောကြောင့် ပျက်ယွင်းမှုများ ဖြစ်ပေါ်လျက်ရှိရာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူ၍ မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၀ သန်း အကုန်အကျခံကာ ရေပြွန်များအားလုံး၏ ရေပြွန်နဖူးစည်းများတွင် ရေဝိုက်စားခြင်းမှ ကာကွယ်ရန်အတွက် ကျောက်သားနံရံစီခြင်းနှင့် ရေထိန်းတံခါးများ တပ်ဆင်ခြင်း၊ သံကူကွန်ကရစ်ရေပြွန် အသစ်များတပ်ဆင်ပေးခဲ့သည်။

ရေပြွန်အသစ်များ ပြန်လည်ပြုပြင်ပေးခဲ့ခြင်းကြောင့် အောက်လင်းဇင်းမြောင်းမှ ဆည်ရေသောက်စနစ်ဖြင့် အသုံးပြုစိုက်ပျိုးနေသည့် သီးနှံမျိုးစုံစိုက် ၅၆ ဧကအတွက် စိုက်ပျိုးရေများပေးဝေရာ၌ ရေလေလွင့်ဆုံးရှုံးမှု နည်းပါးစွာဖြင့် အချိန်နှင့်အညီ စနစ်တကျပေးဝေနိုင်ပြီဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် တောင်သူများ စိုက်ပျိုးရေအတွက် ပူပင်စရာမလိုတော့ကြောင်း သိရသည်။

**(၄၈၅)**

**(အောက်ပုံ)**

*-*-*-*-*



# တောင်ပေါ်ဒေသဘက်မှ ထွက်ရှိလာသည့် ဘိုစားပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇူလိုင် ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ သီရိမာလာကုန်စိမ်းသီးနှံဈေးကွက်သို့ တောင်ပေါ်ဒေသဘက်မှ ထွက်ရှိလာသည့် ဘိုစားပဲများ ဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များကောင်းနေကြောင်း မန္တလေးမြို့မှ ကုန်စိမ်းပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။



လက်ရှိအချိန်တွင် မန္တလေးမြို့ ကုန်စိမ်းသီးနှံဈေးကွက်အတွင်းသို့ တောင်ပေါ်နယ်ဒေသတစ်ဝိုက်တို့မှ ထွက်ရှိလာသည့် ဘိုစားပဲများသည် နေ့စဉ် ၁၂ ဘီးကားဖြင့် အစီးရေ သုံးစီးမှလေးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ ဘိုစားပဲများသည် ဈေးကွက်သို့ ဝင်ရောက်လာကာ ယခုလက်ရှိ ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြသည်။

အဆိုပါ ဘိုစားပဲများကို လက်ရှိအချိန်တွင် တောင်ပေါ်ဒေသများတို့မှ အဓိကထား စိုက်ပျိုးကြပြီး ထွက်ရှိလာကြောင်း၊ ယင်းသီးနှံသည် ရာသီအလိုက်ထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် သီရိမာလာ ကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်၍ ရောင်းချပေးနေကြောင်း သိရသည်။

**(ဝဲပုံ)(၀၃၄)**

# မန္တလေးရွှေနေအသင်း နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရွှေနေများ ကန်တော့ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၈လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြားရှိ မဟာဝိဇိတာရုံကျောင်းတိုက်၌ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရွှေနေများကန်တော့ပွဲကို ယနေ့ နံနက် ၈ နာရီက ကျင်းပရာ



မန္တလေးရွှေနေအသင်းမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၊ အလုပ်သင်ရှေ့နေများ တက်ရောက်ကြ သည်။ (ဓဲပုံ)

အစီအစဉ်အရ မဟာဝိဇိတာရုံကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တယာနိက အမှူးပြုသော ဆရာတော်များထံ ငါးပါးသီလခံယူ၍ မန္တလေးရွှေနေအသင်းမှ လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ရာ ဆရာတော်မှ ဝါဆိုသင်္ကန်းကပ်လှူရသော အကျိုးတရားများကို ဟောကြားခဲ့ပြီးနောက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ဆက်လက်၍ ကန်တော့ခံရှေ့နေကြီးများပူဇော်ပွဲကို မန္တလေးရှေ့နေအသင်းမှ ကျင်းပခဲ့ရာ အခမ်းအနားမှူးအဖြစ် ဦးညဏ်မြင့်၊ ဦးမောင်မောင်ဟိန်းတို့ ဆောင်ရွက်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဦးဝမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ကန်တော့ခံရှေ့နေကြီးများအား ကန်တော့ချိုးဖြင့် ကန်တော့ခဲ့ပြီး ကန်တော့ခံရှေ့နေကြီး ၃၃ဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီဖြင့် ပူဇော်ကန်တော့ကြသည်။ ကန်တော့ခံရှေ့နေကြီးများ ကိုယ်စား ဦးထွန်းအောင်ကျော်က ဆုပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(ဝ၄၇)

# ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းအသင်း အနိုင်ရ

**နေပြည်တော် ဇူလိုင် ၂၇**

မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးအားကစားကွင်းတို့တွင် ဆက်လက်ကျင်းပခဲ့သည်။

(က)အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ပေါင်းလောင်းအားကစားကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအသင်းသည် ဇူလိုင် ၂၂ ရက်က လယ်ဝေးကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် သရေကျခဲ့သည်။ ဇူလိုင် ၂၉ရက်တွင် မန္တလေးတိုင်းဒေသကြီးအသင်းသည် ကချင်ပြည်နယ်အသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၅)



# တိုင်းရင်းဆေးတက္ကသိုလ်မိသားစု၏ (၄၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူ



**မန္တလေး ဇူလိုင် ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်တွင် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီက တိုင်းရင်းဆေးတက္ကသိုလ်မိသားစု၏ (၄၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ပြုလုပ်သည်။

အခမ်းအနားသို့ မှန်ကင်းပဒ္ဓောတာရုံကျောင်းဆရာတော် ဘဒ္ဒန္တကုဒ္ဒိကာဘိဝံသ အမှူးပြုသော ပင့်သံဃာတော် ၁၅ ပါး ကြွရောက်တော်မူကြပြီး တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ သိန်းဇော်လင်း၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံအုပ်ကြီး၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(မန္တလေး)၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ကြည်ညိုကြသည်။

အစီအစဉ်အရ ဆရာတော်ထံမှ တရားနာယူကြပြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ကပ်လှူကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၉၃)

# ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်အတွင်းရှိ ဇော်ဂျီမြစ်ပတ်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းပေး

**ကျောက်ဆည် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့တွင် အေးမြကြည်လင်ဈေးသို့ ပြည်သူများ အဓိကသွားလာသည့် ဇော်ဂျီမြစ်ပတ်လမ်းအား ကျောက်ဆည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကတ္တရာထပ်ပိုးလွှာခင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်သည်။

ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၅၆၂ သန်း အကုန်အကျခံကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ၍ လမ်းအရှည်ပေ ၅၀၀ အား အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ကတ္တရာများခင်းပေးခဲ့ကြောင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းပေးခြင်းဖြင့် ဆူးကုန်းရပ်ကွက်အတွင်းမှ ပြည်သူများနှင့် မြို့ပေါ်ရပ်ကွက်အသီးသီးတွင် နေထိုင်ကြသော ပြည်သူများ၊ အခြားလမ်းအသုံးပြုသူပြည်သူများအနေဖြင့် အေးမြကြည်လင်ဈေးသို့ သွားလာရာတွင် လည်းကောင်း၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများဆောင်ရွက်ရာ၌ သွားလာရန် ပိုမိုလွယ်ကူသွားမည်ဖြစ်သည်။

ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် ကြက်မင်းတွန်ရပ်ကွက်အတွင်းရှိ ရတနာရွှေစင်လင်းလမ်း၊ ဖောင်ရွာရပ်ကွက်အတွင်းရှိ ရွှေသာလျောင်းတောင်အဝင်လမ်း၊ ကျောက်ဆည်-မင်းမွေးတောင်လမ်းများကိုလည်း ကတ္တရာထပ်ပိုးလွှာများ ခင်းပေးခဲ့ကြောင်း သိရသည်။

(၄၈၅)

# မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်တွင် မိုးစပါးစိုက်ဧက ၅၃၀၀၀၀ ကျော် စိုက်ပျိုးမည်

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်တွင် ယခုနှစ်မိုးရာသီ၌ မိုးစပါးစိုက်ဧက ၅၃၀၀၀၀ ကျော်ကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ ခရိုင် ၁၁ ခရိုင်တွင် ယခုနှစ်မိုးရာသီ၌ မိုးစပါးစိုက်ဧကကို ၅၃၀၀၀၀ ကျော် လျာထားခဲ့ပြီး၊ မိုးစပါးစိုက်ဧကများကို ဇူလိုင်လဆန်းမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့အချိန်တွင် မိုးစပါးစိုက်ဧက ၁၉၅၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးသည့်မျိုးများအနေဖြင့် မနောသုခ၊ ဆင်းသုခ၊ ဧရာမင်းစသည့် အထွက်ကောင်းမျိုးများကို စိုက်ပျိုးကြသည်။

"မိုးစပါးစိုက်ဧကတွေကို မန္တလေးတိုင်းဒေသကြီးရဲ့ မိုးရွာသွန်းမှုနဲ့ ရေရရှိမှုအနေအထားအရ ဇူလိုင်လကုန်နဲ့ ဩဂုတ်လဆန်းမှာ အပြီးစိုက်ပျိုးမယ်လို့ ရည်မှန်းထားတယ်။ စပါးသက်တမ်းကတော့ မျိုးအလိုက်ကွဲပြားပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးတယ်။ မျိုးကောင်းမျိုးသန့်တွေရရှိဖို့ ချိတ်ဆက်ပေးတယ်။ တောင်သူတွေ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် တောင်သူနဲ့ဌာနပူးပေါင်းပြီး မျိုးကောင်းမျိုးသန့်စိုက်ခင်းတွေ တည်ထောင်ပြီးတော့ ဆောင်ရွက်ပါတယ်။ တိုင်းဒေသကြီး အနေနဲ့ ဝမ်းစာဖူလုံမှုရှိဖို့အတွက် အဓိကထားပြီး ဆောင်ရွက်နေတယ်။ ဒီနှစ်မှာ တိုင်းဒေသကြီးရဲ့ ခွင့်ပြုချက်နဲ့အညီ မိုးစပါး အထူးအထွက်တိုးဖို့အတွက် မြို့နယ်တွေမှာ အထူးစံပြကွက်တွေ ငွေလုံးငွေရင်းနဲ့ သုံးစွဲပြီးတော့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကြောင့် တိုင်းဒေသကြီးတစ်ခုလုံးရဲ့ ဒေသဝမ်းစာဖူလုံဖို့ကို တစ်နှစ်ထက် တစ်နှစ် ပိုပြီးတော့ အချိန်ကာလတစ်ခုမှာ ဝမ်းစာဖူလုံမှုပြည့်မီရန်အတွက် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ မိုးစပါးစိုက်ဧကများကို စိုက်ပျိုးကြသည့် ခရိုင် ၁၁ ခရိုင်မှာ ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ တံတားဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မဟာအောင်မြေခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ သပိတ်ကျင်းခရိုင်၊ အမရပူရခရိုင်၊ အောင်မြေသာစံခရိုင်များတို့ရှိ မြို့နယ် ၂၃ မြို့နယ်တွင် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၃၄)



# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၈၀)

သွယ်အောင်



ကဗျာကိစ္စနှင့်ပတ်သက်၍ တုံ့ပြန်ဝေဖန်သော ဆောင်းပါးတစ်ပုဒ်ရေးအပြီး ကဗျာရေးခြင်းအလုပ်ကိစ္စကို ပြီးစလွယ် ကဗျာမရေးတော့ဘဲ အကြောင်းအရာ စိတ်ကူးကောင်းကောင်းရပြီး ကဗျာလိပ်ပြာနိုးမှဘဲ ကဗျာရေးဖြစ်တော့သည်။

ထိုရက်ပိုင်း သူငယ်ချင်း ကဗျာဆရာများနှင့်လည်း လက်ဖက်ရည်ဆိုင် မထိုင်ဖြစ်တော့ဘဲ ဦးလေးဝယ်ပေးထားသော ဗီးရောင်ဆိုင်ကယ်လေးဖြင့် စိတ်ကူးတည့်ရာ လျှောက်သွားနေမိသည်။ ထိုသို့ သွားနေစဉ် ၈၈ ကာလတွင် ခင်မင်ခဲ့ရသော ကျောင်းဆရာမ၊ စာရေးဆရာမ ဖြူဖြူဝင်း(မကို)နှင့် မထင်မှတ်ဘဲ ၃၆ လမ်း ရထားသံလမ်းအရှေ့ဘက် မျက်ပါးရပ်တွင် သူနှင့်တွေ့ဆုံဖြစ်သည်။ သူက အဖြူ၊ အစိမ်းကျောင်းဆရာမဝတ်စုံနှင့် ဖြစ်သည်။

ကျွန်တော်က သူ့ကိုမြင်၍ လှမ်းနှုတ်ဆက်မည်အလုပ် သူကလည်း ကျွန်တော့ကို မြင်သဖြင့် သူက အရင်နှုတ်ဆက်လိုက်သည်။

"ဟော့---သွယ်အောင်---ငါ့ကို မှတ်မိတယ် မဟုတ်လား ငါ---မကိုလေ---"

ပြုံးရောင်သန်းနေသော မျက်နှာထားနှင့်အတူ သူ့ဆီမှ စကားလုံးအချို့ လွင့်ကျလာသည်။

ကျွန်တော်က အံ့ဩဝမ်းသာစွာဖြင့် "အာ မမှတ်မိဘဲနေပါ့မလား၊ သိပ်မှတ်မိတာပေါ့ဟာ၊ နင်က ကဗျာလည်းလှ၊ စာလည်းလှ၊ ရုပ်လည်းလှတယ်ဆိုတော့" ဟု ပြောလိုက်သောအခါ သူ့ဆီမှ ရယ်သံလွင်လွင်လေးများ ကြားလိုက်ရသည်။

"ဘယ်သွားမှာလဲ---ငါလိုက်ပို့မယ်လေ"

"ရပါတယ်၊ ငါက ၇၈ လမ်း အရှေ့ဘက်က အဆောင်မှာ ငှားနေတာလေ၊ ဘိုတကဲကုန်းရွာက စာသင်ကျောင်းမှာ စာပြရတာဆိုတော့ အဲဒီရွာသွားမယ့် လိုင်းကားနဲ့ နီးတဲ့နေရာ အဆောင်ငှားနေရတယ်"

"အေး---ငါ့အိမ်က ၃၇ လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားမှာ"

"သြော် ငါ့အဆောင်နဲ့ နီးတာပဲ"

၃၆ လမ်း အကျော် ၇၈လမ်းရောက်သောအခါ သူက "ငါ့ အဆောင်က အဲဒီလမ်းကြားထဲကပဲကဲ၊ ငါသွားတော့မယ်"

"ညနေပါလာချိန် ငါလာလည်မယ်နော်"

"အေးပါ---အေးပါ၊ အဆောင်ရှေ့မှာ တံခါးက အမြဲပိတ်ထားတယ်၊ ရောက်ရင် ကြိုးတတ်ထားတဲ့ ခေါင်းလောင်းလေးရှိတယ်။ အဲဒီကြိုးလေးဆွဲလိုက်"

"အိုကေ"

နောက်ရက်များတွင် သူငယ်ချင်းမကိုအဆောင်သို့ ညနေချိန်မှာ မကြာခဏ အလည်ရောက်ဖြစ်နေတော့သည်။ သူမရှိတဲ့အခါ အဆောင်ပိုင်ရှင်မှ အပြင်သွားနေကြောင်း ထွက်ပြောသည်။

သူငယ်ချင်းမကိုနှင့် တွေ့ရသည့်အတွက် ကျွန်တော်မှာ ပျော်ရွှင်ကြည်နူးပြီး စာအကြောင်း၊ ကဗျာအကြောင်း ပို၍ ပြောဖြစ်သည်။

ကျွန်တော်က သူ့ကို စာအကြောင်း၊ ကဗျာအကြောင်း ပြောသည့်အခါ သူက သူ့ကို ရည်စားစကားလိုက်ပြောသည့်ကောင်လေးတွေအကြောင်းကို ရယ်စရာဟာသများအဖြစ်နှင့် ရယ်မောကာ အားပါးတရ ပြောပြသည်။ ကျွန်တော်က သူပြောသည်များကို နားထောင်ပြီး ရည်စားစကား လိုက်ပြောသည့်ကောင်လေးတွေကို ဂိမ်းကစားသလို အပျင်းပြေမျိုး မလုပ်စေချင်ကြောင်း အန္တရာယ်ရှိကြောင်း သတိပေး ပြောဖြစ်သည်။



သူက ကျွန်တော်ပြောသည်ကို တည်တည်ငြိမ်ငြိမ်နားထောင်ပါသည်။ နောက်ရက်များတွင် သူဖတ်ချင်သော စာအုပ်အချို့ကို ကျွန်တော်ပေးဖတ်သည်။ ပေးဖတ်ဖြစ်သော စာအုပ်များမှာ နိုင်ဝင်းဆွေနှင့် လှဆွေတို့၏ စာအုပ်များဖြစ်သည်။ "အလှအပ ဒို့မလိုပြီ၊ အိုယန်ဟိုင်၏ တေးသံ၊ ဘဝစာမျက်နှာများ" ဖြစ်သည်။

နွေကျောင်းပိတ်ရက်များတွင် မကိုမှာ အဆောင်မှာ မနေတော့ဘဲ ပုသိမ်ကြီးအိမ်သို့ ပြန်နေသည်။ သူငယ်ချင်းမကို အဆောင်မှာ မနေဖြစ်သည့်ရက်များတွင် ကျွန်တော်လည်း အပြင်မထွက်ဖြစ်တော့ဘဲ ကဗျာများ ပြန်ရေးဖြစ်နေမိသည်။

တစ်ရက်တွင် အောင်ဘညိုနှင့် နေမျိုး ကျွန်တော့်အိမ်ရောက်လာပြီး ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်းမှ အစ်မ မတင်တင်ဦးနှင့် ဦးချစ်မောင်တို့က အောင်ဘညိုအား အင်တာဗျူးဆန်ဆန် စာရေးဆရာ အနုပညာရှင်တစ်ဦးနှင့် တွေ့ဆုံမေးမြန်းသည့် ဆောင်းပါးရေးပို့ဖို့ အကူအညီတောင်းသဖြင့် ကျွန်တော်၊ နေမျိုး၊ အောင်ဘညို သုံးယောက် ပေါင်းပြီး "ဘုံကလောင်" အဖြစ် (မာဆိုး)ကလောင် ယူကာ ဆောင်းပါးရေးဖြစ်သည်။

ပထမဦးဆုံးရေးဖြစ်သော ဆောင်းပါးမှာ စာရေးဆရာ ပိုင်စိုးဝေ(ကိုနေကြီး)အကြောင်းဖြစ်သည်။ ထိုဆောင်းပါးအတွက် ကျွန်တော်တို့က ဆရာ ပိုင်စိုးဝေကို သကျသီဟဘုရားထဲရှိ မောင်မောင်ကြီး(ရွှေကမ္ဘာ)ဆိုင်သို့ ချိန်းဆိုတွေ့ဆုံကြသည်။ ဘုရားပိုင်းထဲမှ မောင်မောင်ကြီးအား ဓာတ်ပုံရိုက်စေပြီး အင်တာဗျူးဆောင်းပါးကို စတင်အကောင်အထည်ဖော်ဖြစ်သည်။

ကျွန်တော်၊ အောင်ဘညို၊ နေမျိုးတို့က ကိုယ်မေးချင်သော မေးခွန်းများကို စာရွက်ပေါ်ရေးကာ ဦးနေအောင်(ပိုင်စိုးဝေ)ကိုပေး၍ အဖြေများတောင်းသည်။ မေးခွန်းနှင့်တွဲပြီး ဆောင်းပါးကို ဓာတ်ပုံများနှင့် ရုပ်ရှင်တေးကဗျာသို့ ပို့ဖြစ်သည်။

ဆောင်းပါးခေါင်းစဉ်မှာ **'ပိုင်စိုးဝေ သို့မဟုတ် ကမ်းပါးမရှိတဲ့ မြစ်တစ်စင်း'** ဖြစ်သည်။ ဆောင်းပါးအဖွင့်စစချင်းကို ကျွန်တော်မေးသော မေးခွန်းဖြင့် စဖွင့်လိုက်သည်။

၁၉၇၈ ခု စက်တင်ဘာနေ့စွဲနဲ့ ကျွန်တော်တို့ရဲ့ ရင်ကို ခုန်စေခဲ့တဲ့ "နေရောင်ခြည်နှင့်တွေ့ဆုံခြင်း" ဆိုတဲ့ စာအုပ်ကလေးကို ဖန်တီးသူ "နေမင်းပိုင်စိုး" ဟာ အခုတော့ "ပိုင်စိုးဝေ" ဖြစ်လို့ နေပါပြီ။ အဲဒီအချိန်မတိုင်မီ စောစောပိုင်းနှစ်များကတည်းက အခု ဒါရိုက်တာ "ပိုင်သ" နဲ့တွဲပြီး "အိကွေတာအော်သံ" ဆိုတဲ့ ကဗျာစာအုပ်ကလေး ထုတ်ဝေခဲ့ဖူးကြောင်းလည်း သိရရဲ့။

နောက် ၁၉၈၅ ခုနှစ် ဇန်နဝါရီထုတ် ကဗျာမဂ္ဂဇင်းအမှတ်(၁)မှာ "အိပ်မက်ထဲသို့" ပျံသန်းခြင်း ဆိုတဲ့ ချုပ်တီးမှုမဲ့ လွင့်မျောနေသော လူတစ်ဦး ၏ စိတ်ပိုင်းဆိုင်ရာ ပြိုကွဲနေမှုကို ဖော်ပြသည်။

ထိုဝတ္ထုတိုကလေးနှင့်အတူ "ပိုင်စိုးဝေ" ဆိုတာကို ကျွန်တော်တို့ ရှာဖွေတွေ့ရှိခဲ့ကြပါတယ်။

နေမင်းပိုင်စိုးကနေ ပိုင်စိုးဝေဖြစ်လာရတဲ့ ဆရာ ပိုင်စိုးဝေကို ကျွန်တော်သိချင်တာလေးတွေ အကြောင်းခံပြီး စာဖတ်ပရိသတ်အတွက် မေးခွန်းတချို့ မေးခဲ့ပါတယ်။

ကျွန်တော့်ဆီက စကားလုံးတချို့ကို နားထောင်ပြီးနောက် "အင်တာဗျူး" ဆိုတာလားလို့ ဆရာက ပြန်လည်မေးခွန်းထုတ်ပါတယ်။ အင်တာဗျူးဆိုတာရဲ့ အနေအထားကို ဆရာ ပိုင်စိုးဝေက ဟောသလို ပြောပါတယ်။

"ကိုယ့်ကိုယ်ကိုယ် လင်းလက်တောက်ပတဲ့ ကြယ်တံခွန်တစ်ခုလို့ ယူဆထားတဲ့ အနုပညာသမားတစ်ယောက်အဖို့ အင်တာဗျူးဆိုတာ သူ့ရဲ့ အလင်းရောင်တွေကို ကြေပြုန်းစေမယ့် နေတစ်စင်းဖြစ်ကောင်း ဖြစ်သွားနိုင်တယ်။ ကြယ်တံခွန်ဆိုတာ နေရှိရာဆီ ဦးတည်ပြီး ပျံသန်းရတဲ့ အခေါက်တိုင်း အခေါက်တိုင်း သူ့အရည်အသွေးတွေ ပျက်စီးဆုံးပါးခံခဲ့ရတယ် မဟုတ်လား"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ---ကျွန်တော်ဟာ ကြယ်တံခွန်တစ်ခုပဲဖြစ်မလား နေတစ်စင်းပဲဖြစ်မလား---။ ကဲ---ခင်ဗျားလုပ်ငန်းကို စ,လိုက်စမ်းပါဦး"





# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်မေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနဦးစီးမှူး ဦးရိုးမွန်က လူငယ်နှင့်အားကစားအကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းသား၊ကျောင်းသူများအား စာပေနှင့်ပတ်သက်၍ ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အားလပ်တဲ့အချိန်မှာ စာပေတွေကိုလေ့လာစေလိုကြောင်း၊ ပညာသည်အိုသည်မရှိ ပညာတတ်မြောက်မှသာ အများအမှန်ဝေဖန်နိုင်မည်ဖြစ်ကြောင်း၊ စာကို ကြိုးစားသင်ယူသင့်ကြောင်း၊ အကောင်းအဆိုးခွဲခြားတတ်စေရန် အခြားသော ပြင်ပဗဟုသုတများကိုလည်း ရှာဖွေသင့်ကြောင်းနှင့် ကျောင်းသား၊ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြောကြားရာတွင်လည်း မူးယစ်ဆေးဝါးသည် လူသားတွေကို ကောင်းကျိုးမပေးဘဲ လူဦးနှောက်တွေကို မူးယစ်ထုံမှိုင်းစေသောကြောင့် စမ်းသပ်မသုံးစွဲသင့်ကြောင်း၊ မူးယစ်ဆေးဝါးအစ ဆေးလိပ်ကဆိုသည့်အတိုင်း မူးယစ်ဆေးဝါးကို စမ်းသပ်မသုံးစွဲသင့်ကြောင်း၊ ယခု လူငယ်နောင်ဝယ် လူကြီးဆိုသည့်အတိုင်း ငယ်ရွယ်စဉ်မှာ အများအမှန်ဝေဖန်နိုင်အောင် စာပေတွေကို လေ့လာသင်ယူသင့်ကြောင်း၊ ကျောင်းနေအရွယ်မှာ ပညာကိုသာဦးစားပေး သင်ယူလေ့လာသင့်ကြောင်း ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူးက အားကစားပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များကိုလည်းကောင်း လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးမှ လက်ခံရယူခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၀၅၆)**

# ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အောင်လံ ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ အပတ်စဉ် စနေနေ့ စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက် ၇ နာရီက အောင်လံမြို့ ပြည်သူ့ဆေးရုံကြီးနှင့် အောက်စီဂျင်စက်ရုံဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ထိုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ၊ ပြည်သူ့ဆေးရုံကြီးရင်ခွဲရုံနှင့် အောက်စီဂျင်စက်ရုံဝန်းကျင်ရှိ သစ်ရွက်ခြောက်များ၊ ပေါင်းမြက်၊ ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်း



ပြီး ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မော်တော်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပညာရွှေအိုး

* ပညာရယ် အလင်းတံခါး
စွမ်းအားက မြှင့်တင်ရန်
နေလပမာ ရောင်ခြည်ရွှမ်းသို့
ထွန်းတောက်ကေန်။

* ရွယ်မလွန်ခင် ချိန်နဲ့အမျှ
ဖွဲ့လုံ့လရှိစေ
သိဉာဏ်ဖြိုးဝေ
လေ့လာဖတ်မှတ် မြတ်စာပေ။

* အနာဂတ်လုဖို့ရာ
မြတ်ပညာသင်ယူမှ
တို့လူငယ် သတိကပ်လို့
သိမှတ်ဖွယ်ပ။

* ပညာရွှေအိုး လူမခိုးအမှန်
တန်ခိုးထွားရန် စံတင်လှမ်း
အောင်ပွဲဆီဘဝအတွက်မို့
ထက်မြက်သည့် နန်း။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**




# ရုပ်ရှင်ကဏ္ဍ

ရွက်နုဝေ

## 'Rent Boy (အငှားချစ်သူ)'

ရုပ်ရှင်ချစ်ပရိတ်သတ်တွေအတွက် ဒီတပတ်မှာတော့ အချစ်ဟာသ၊ ဇာတ်မြူးဇာတ်ကားကောင်းတွေကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် 'Rent Boy (အငှားချစ်သူ)' ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

ဇာတ်ကားရဲ့ထူးခြားချက်ကတော့ နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင် ပိုင်တံခွန်အပြင် ထိုင်း၊ ကမ္ဘောဒီးယား ၊ ဗီယက်နမ်နိုင်ငံက နာမည်ကျော် သရုပ်ဆောင်တွေဖြစ်တဲ့ Tep Rindaro, Ch- hay Nita, Vor Lik, Monty Reaksa, Ngeth Sovanlia နဲ့ နိုင်ငံခြားသရုပ်ဆောင်များစွာ ပါဝင်ရိုက်ကူးထားတဲ့ အချစ်ဟာသ ဇာတ်မြူးကားဖြစ်ပါတယ်။

'အငှားချစ်သူ' ရုပ်ရှင်ဇာတ်ကားကို ကမ္ဘောဒီးယားနိုင်ငံရဲ့ ထိပ်တန်းဒါရိုက်တာ Leak Lyda(LD Picture Prod- uc tion) ရိုက်ကူးထုတ်လုပ်ထားပြီး ကမ္ဘောဒီးယားနောက်ခံစကားပြော(မြန်မာစာတန်းထိုး) ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ပြီး မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စတဲ့ အာရှနိုင်ငံလေးနိုင်ငံရဲ့ မတူညီတဲ့ ရုပ်ရှင်သရုပ်ဆောင်ချက်တွေကို ကြည့်ရှုရမှာ ဖြစ်ပါတယ်။

အချစ်ဟာသဇာတ်မြူးကိုမှ မတူညီတဲ့နိုင်ငံက မတူညီတဲ့ သရုပ်ဆောင်တွေရဲ့ သရုပ်ဆောင်မှုတွေကိုမှ ကြည့်ရှုချင်တဲ့သူတွေအတွက်တော့ 'အငှားချစ်သူ' ဇာတ်ကားကတော့ ပေါ့ပေါ့ပါးပါးနဲ့ ကြည့်ရှုဖို့ကောင်းတဲ့ ဇာတ်ကားဖြစ်ပြီး မန္တလေးမြို့မှာ ဆိုရင်တော့ Mingalar Central Central Point , Min- galar Masoeyein Complex , Mingalar Cinema Yama (Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။



# သတင်းပဒေသာ

## ပန်းခြံအား အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး ပန္နက်တင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေးဌာနပိုင် ရွှေဝါနဒီပန်းခြံအား အများပြည်သူအပန်းဖြေအနားယူနိုင်သည့် ပန်းခြံအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ ပန်းခြံတည်ဆောက်မည့်မြေနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား အခမဲ့ဆေးကုသပေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စစ်ဆေးပေးခြင်းနှင့် အခမဲ့ဆေးကုသပေးခြင်းတို့ကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက မြို့သစ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း သံဃာတော်များဆေးကုသဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆန်များကို ကံမမြို့နယ်မှ ရေဘေးသင့်ပြည်သူများသို့ ပေးအပ်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ဆန်များကို ကံမမြို့နယ်မှ ရေဘေးသင့်ပြည်သူများသို့ ပေးအပ်ပွဲအခမ်းအနားအား ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြား

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြားခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုးနဲမြို့နယ် သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက အခြေခံပညာ အထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရေခဲမုန့်နှင့် ကိတ်မုန့် (Bakery) အမျိုးမျိုးပြုလုပ်နည်း သင်တန်းဖွင့်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် နေပြည်တော် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်အသေးစား၊အငယ်စား၊အလတ်စား(MSME)အသင်း ပူးပေါင်း၍ ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ကျေးလက်နှင့်မြို့ပြပြည်သူများ၏ ဝင်ငွေတိုးပွားရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ် သည့် ရေခဲမုန့်နှင့် ကိတ်မုန့် (Bakery)အမျိုးမျိုးပြုလုပ်နည်း ဖြင့် ဝင်ငွေတိုးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက်ပိုင်းက မြဝတီရပ်ကွက်၊ ထက်ကောင်းစတိုးဆိုင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးဗဟိုအကျဉ်းထောင်ဝန်ထမ်းမိသားစုများမှ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



**မန္တလေး ဇူလိုင် ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မန္တလေးဗဟိုအကျဉ်းထောင်ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်ရှိ ဗဟိုအကျဉ်းထောင်ဓမ္မာရုံ၌ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့၊ သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသနှင့် ပြည်ထဲရေးဝန်ကြီးဌာန၊အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းနှင့်ဇနီး၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်ရွှေနှင့်ဇနီး၊မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်နှင့် တာဝန်ရှိသူများ၊ဝန်ထမ်းမိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး သန်လျင်မင်းကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက်ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာနှင့် ရေစက်ချတရားတော်များ နာယူကြည်ညိုကြသည်။ ၎င်းနောက် ဆရာတော်ကြီးများနှင့် တက်ရောက်လာသူများက အခမ်းအနားအား ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းပြီး ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နေ့လယ်ပိုင်း၌ ဆရာတော်ကြီးများက မန္တလေးဗဟိုအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊အကျဉ်းသူများအား တရားတော်များ ချီးမြှင့်ဟောကြားတော်မူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၃၈)

# ပရိယတ္တိသာသနဟိတအသင်း(မန္တလေး) ဆရာတော်၊ သံဃာတော်များနှင့် စာအောင်သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် နဝကမ္မဝတ္ထုငွေ လှူဒါန်း



**မန္တလေး ဇူလိုင် ၂၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၈၅လမ်းရှိ ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)မှ အသင်းကြီး၏ ကိုးကွယ်ခံဆရာတော်၊သံဃာတော်များနှင့် သီးခြားဓမ္မာစရိယဆရာတော် ၅၉ပါး၊ မူလဓမ္မာစရိယဆရာတော် ၂၇ပါး၊သီးခြားစာသင်တန်းအောင် ၃၉ပါး၊ သာသနာ့လင်္ကာရသာမဏေကျော် ၄၂ပါး၊ စုစုပေါင်း ၁၆၉ ပါးတို့အား ဇူလိုင် ၂၅ရက်က (ကဆုန်၊ နယုန်၊ ဝါဆို) သုံးလအတွက် ဆွမ်းဆန်တော် တစ်အိတ်စီ၊ ပဲဆီ သန့် သုံးပိဿာ၊ ဆား သုံးထုပ်၊ နဝကမ္မငွေတစ်ပါးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ၁၀၁ ဒသမ ၄ သိန်းဖိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၃၈၅ ဒသမ ၆၈၅ သိန်းဖိုးကို လည်းကောင်း၊ အသင်းဩဝါဒစရိယဆရာတော်ကြီးများ၊ပုစ္ဆကဆရာတော်ကြီးများ၊ ကိုးကွယ်ခံဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများကို အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အလုပ်အမှုဆောင်များက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၄၅)

# အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်း

**ကျောက်ဆည် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် ယမန်နေ့ နံနက် ၁၀ နာရီက နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ သွေးလှူဒါန်းပွဲ ကျင်းပသည်။

စုပေါင်း သွေးလှူဒါန်းပွဲ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်က သွေးလှူခြင်းသည် မွန်မြတ်သော လုပ်ငန်းဖြစ်ကြောင်းနှင့် သွေးလှူဒါန်းရခြင်း၏ အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာတင်လှ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ သွေးလှူဒါန်းသည့် ကျောင်းသား၊ကျောင်းသူများအား ကြည့်ရှုအားပေးခဲ့ပြီး သွေးအလှူရှင်တစ်ဦးချင်းစီအား ငွေကျပ် ၄၅၀၀ တန်ဖိုးရှိ ကြက်ဥများ၊ အားဖြည့်အာဟာရအချိုရည်များ ပေးအပ်ခဲ့သည်။

သွေးလှူဒါန်းခြင်းများ ပြုလုပ်ရာတွင် ရှေးဦးစွာ သွေးလှူဒါန်းမည့် ကျောင်းသား၊ ကျောင်းသူများအား ခန္ဓာကိုယ်အလေးချိန်ချိန်ခြင်း၊ သွေးချိန်ခြင်းနှင့် သွေးပေါင်တိုင်းတာခြင်း၊ သွေးဖောက်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး သွေးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့ရာ အေသွေး ၁၄ လုံး၊ ဘီသွေး ၁၇ လုံး၊ အိုသွေး ၁၇လုံး၊အေဘီသွေး လေးလုံး၊ စုစုပေါင်း ၅၂လုံး လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊နည်းပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ချင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၈၅)

# လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး ဆောင်ရွက်ကြရာဝယ်

နော်ယဉ်ကျေး




စာရေးသူ၏ဦးလေး(တော်စပ်သူ) ဦးဗထွေး (စာရေးဆရာသိပ္ပံဗထွေး)သည် လျှပ်စစ်ဌာနတွင်ပင် အသက်ထက်ဆုံး တာဝန်ထမ်းဆောင်ခဲ့ပြီး လျှပ်စစ်ဆိုင်ရာ စာပေမြောက်မြားစွာ ရေးသားပြုစုသွားခဲ့သူ တစ်ဦးဖြစ်ပါသည်။ မိုးဖြဲဆည်အကြောင်း၊ လောပိတအကြောင်းစသည့် လျှပ်စစ်စာပေများရေးသား၍ ယူနက်စကို စာပေဆုနှင့် အမျိုးသားစာပေဆုများကိုလည်း ရရှိခဲ့သူဖြစ်သည်။ ဦးလေးဖြစ်သူသည် သူထုတ်ဝေခဲ့သော စာအုပ်များတွင် လျှပ်စစ်နှင့်ပတ်သက်သော ဆောင်ပုဒ်များ ထည့်သွင်းဖော်ပြလေ့ရှိရာ "လျှပ်စစ်ဖြင့် လောကနိဗ္ဗာန်တည်ဆောက်အံ့" ဟူသော ဆောင်ပုဒ်ကို မကြာခဏ တွေ့မြင်ခဲ့ရပါသည်။

အဆိုပါ ဆောင်ပုဒ်သည် ၁၉၄၇ခုနှစ်က ဆိုရှယ်လစ်ဗီလာအစီရင်ခံစာတွင် ဗိုလ်ချုပ်အောင်ဆန်းမှ စတင်သုံးစွဲခဲ့သော ဆောင်ပုဒ်ဖြစ်ပြီး နိုင်ငံခြားတိုင်းပြည်တစ်ခုမှ ဆောင်ပုဒ်ကို မြန်မာလို ဘာသာပြန်ဆို၍ သုံးစွဲခဲ့ပုံရပါသည်။ အဆိုပါ ဆောင်ပုဒ်သည် လျှပ်စစ်နှင့်ပတ်သက်၍ ခေတ်အဆက်ဆက် ဆက်လက်အသုံးပြုနေရဦးမည့် ဆောင်ပုဒ်သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကယားပြည်နယ်ရှိ ပွန်ချောင်းရှားတောလမ်းပေါ်က တောင်နံရံပေါ်တွင် ရေးထိုးထားသော ကျောက်စာချပ်များပေါ်ရှိ ဆောက်လုပ်ရေးဌာန စာသားများကဲ့သို့ လျှပ်စစ်အနေဖြင့် ပြောင်းလဲပြောဆိုရပါလျှင် "ပြည်သူ၏ ကျန်းမာရေး၊ စီးပွားရေးနှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုသည် လျှပ်စစ်မီး တိုးတက်ရရှိမှဖြစ်မည်၊ သင် ပြည်သူ ရန်သူမဖြစ်ပါစေနဲ့" ဟုသာ ပြောလိုပါသည်။ အမှန်တကယ်လည်း နေရာဒေသ မြို့ရွာတစ်ခု ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့လိုသလို လျှပ်စစ်မီးကလည်း အရေးပါလှသည်။ လျှပ်စစ်မီးသာ ရရှိလာပါက အဆိုပါဒေသ မြို့ရွာ၏ စီးပွားရေးမှာ တဟုန်ထိုး တိုးတက်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်၍ ချက်ချင်းနိဗ္ဗာန်ဘုံသို့ ရောက်ရှိသွားစေသကဲ့သို့ ဖြစ်လာစေပါမည်။

လူတိုင်းက မျှော်လင့်တောင့်တနေသော လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်သွယ်တန်းဖြန့်ဖြူးပေးနိုင်မှသာလျှင် ပြည်သူတို့၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ပေလိမ့်မည်။ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ရုံတစ်ခုထဲနှင့်လည်း တည်ဆောက်နိုင်မည်မဟုတ်ပါ။ ရရှိလာသည့် ဓာတ်အားကို သွယ်တန်းပေးနိုင်မည့် မဟာဓာတ်အားလိုင်းကြီးများ လိုအပ်သလို ဖြန့်ဖြူးပေးနိုင်မည့် ခွဲရုံအသေးစားနှင့်၄၀၀ဗို့ ဓာတ်အားလိုင်းများလည်း အပြိုင်ဖွံ့ဖြိုးတိုးတက်လာစေဖို့ လိုပါသည်။ လျှပ်စစ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်မှာ လျှပ်စစ်ကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများမှချည်း ဆောင်ရွက်နေ၍မရပါ။ အားလုံးသောပြည်သူတို့ ပါဝင်လာပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်မှသာလျှင် အောင်မြင်မှုများ ရရှိလာစေမည်ဖြစ်သည်မှာ လက်တွေ့ဖြစ်ရပ်များစွာက သက်သေခံလျက်ရှိနေပေပြီ။ လျှပ်စစ်ကို ရင်းမြစ်မျိုးစုံမှ ထုတ်လုပ်နိုင်ရန်မှာ ပြည်သူတို့၏ အသိဉာဏ်ပညာ ပြည့်စုံကြွယ်ဝမှုများစွာလိုအပ်နေပြီး မီဒီယာအချို့၏ သွေးထိုးလှုံ့ဆော်မှုအရ ဖြစ်ပေါ်လာသော no coal , no dam ဆိုသည်များ ရှိမနေဖို့လိုပါသည်။ မိမိတို့တိုင်းပြည် လျှပ်စစ်မီး ပြည့်ဝစွာသုံးစွဲနိုင်ရန်ကိုသာ အဓိကထား၍ တွေးခေါ်စဉ်းစားတတ်ဖို့လည်း လိုပါမည်။

**လူတိုင်းက မျှော်လင့်တောင့်တနေသော လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်သွယ်တန်းဖြန့်ဖြူးပေးနိုင်မှသာလျှင် ပြည်သူတို့၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ပေလိမ့်မည်။ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ရုံတစ်ခုထဲနှင့်လည်း တည်ဆောက်နိုင်မည်မဟုတ်ပါ။ ရရှိလာသည့်ဓာတ်အားကို သွယ်တန်းပေးနိုင်မည့် မဟာဓာတ်အားလိုင်းကြီးများ လိုအပ်သလို ဖြန့်ဖြူးပေးနိုင်မည့် ခွဲရုံအသေးစားနှင့် ၄၀၀ဗို့ ဓာတ်အားလိုင်းများလည်း အပြိုင်ဖွံ့ဖြိုး တိုးတက်လာစေဖို့ လိုပါသည်။**




ရေအားစက်ရုံများသည် နွေရာသီတွင် ဓာတ်အားပြည့်ဝစွာ မထုတ်လုပ်နိုင်သဖြင့် သင့်လျော်သော Generation mix ကို တည်ဆောက်ထားရန်လည်း လိုအပ်နေပြီဖြစ်ပါသည်။ သင့်လျော်သောဟု ဆိုရာတွင် System တည်ငြိမ်မှုကို အဓိကထားဦးစားပေး၍ ရွေးချယ်ဆောင်ရွက်ရန်လည်း အထူးလိုအပ်လှပါသည်။ မိမိတို့နိုင်ငံတွင် ပေါများ၍ သုံးမကုန်နိုင်သော အရင်းအမြစ်ဖြစ်သည့် ရေအားလျှပ်စစ်ကိုလည်း ဖြစ်နိုင်သ၍ အပြည့်အဝ အသုံးချနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။ လက်တွေ့တွင် မြန်မာနိုင်ငံ၏ အခြေအနေအရ ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် အောက်ပါအခက်အခဲများကို တွေ့ရှိနေရသည်ဖြစ်ရာ အခြားသော Generation များကိုလည်း အထူးစဉ်းစားသင့်လှပါသည်။ ဥပမာ- လျှပ်စစ်ဓာတ်အားကို အချိန်တိုနှင့် မြောက်မြားစွာ ထုတ်လုပ်ရရှိနိုင်စေမည့် နျူးကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံမျိုး အမြန်တည်ဆောက်သွားရန် ဆောင်ရွက်သင့်လှပါပြီ။ ပေါများလှသော ရေအားအရင်းအမြစ်များကို မြန်မာနိုင်ငံတွင် အဘယ်ကြောင့် ထုတ်လုပ်ရန် ခက်ခဲနေခြင်း ဖြစ်ပါသလဲဟု ဆိုလျှင်-

(၁) စီမံကိန်းများဆောင်ရွက်ရန် ငွေကြေးပြည့်စုံမှု မရှိခြင်း၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာများ၌ လုံခြုံရေး အကန့်အသတ်များရှိနေခြင်း၊

(၃) ဒေသခံပြည်သူများ၏ သဘောတူညီချက်များကို ရရှိရန်ခက်ခဲနေခြင်း၊

(၄) မြေနေရာအသုံးချခွင့်ရရှိရေးအတွက် ခက်ခဲနေခြင်း၊

(၅) ရေအားလျှပ်စစ်မှန်သမျှကို ကန့်ကွက် ဆန့်ကျင် ဆန္ဒပြနေသူများ ရှိနေခြင်း စသည်တို့ကြောင့်ပင် ဖြစ်သည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အဓိကလိုအပ်သည်မှာ ပြည်သူတစ်ရပ်လုံး အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်လာရေးသည် အရေးကြီးဆုံးဖြစ်သကဲ့သို့ ထုတ်လုပ်ပြီးသော လျှပ်စစ်ဓာတ်အားကိုလည်း နိုင်ငံတကာအဆင့်မီ သွယ်တန်းဖြန့်ဖြူးပေးနိုင်ဖို့လည်း လိုပါသည်။ နိုင်ငံတဝန်းလုံးသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများကို အဆင့်မြှင့်တင်ပေးခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်နေရန် လိုအပ်သကဲ့သို့ အဆင့်မီစွာဖြင့် ဓာတ်အားပို့လွှတ်နိုင်ရေးသည်လည်း အလွန်အရေးပါလှပါသည်။ ဓာတ်အားအများဆုံး ထုတ်လုပ်နိုင်သော မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ တောင်ပိုင်းဒေသများသို့ ဓာတ်အားပို့လွှတ်ရာတွင် ယနေ့အချိန်ထိ ၂၃၀ကေဗွီမဟာဓာတ်အားလိုင်းများကိုသာ အသုံးပြုနိုင်ခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် လျှပ်စစ်ဓာတ်အားကို တစ်နေရာမှတစ်နေရာသို့ သွယ်တန်းပို့လွှတ်ရာတွင် ၅၀၀ကေဗွီ ဓာတ်အားလိုင်းကြီးများကို အသုံးပြုလျက်ရှိကြသည်။ ၂၃၀ကေဗွီဖြင့် ဓာတ်အားပို့လွှတ်ရာတွင် ဝန်အားပြည့်နေခြင်း၊ ဓာတ်အားလိုင်းတစ်လိုင်း အပြစ်ဖြစ်ပွားလျှင် အရန်ဓာတ်အားလိုင်း မရှိသဖြင့် System black out ဖြစ်ပွားမှုများလာစေခြင်း စသည့် အားနည်းချက် အခက်အခဲများကို ကျော်လွှားနိုင်ရန်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ ၅၀၀ကေဗွီ ဓာတ်အားလိုင်းကြီးများကို တည်ဆောက်သွားရန်လိုအပ်သော အချိန်ကာလသို့လည်း ရောက်ရှိလာနေပြီလည်း ဖြစ်ပါသည်။

ထို့ကြောင့် ၅၀၀ကေဗွီ ဓာတ်အားခွဲရုံကြီးများနှင့်၅၀၀ကေဗွီဓာတ်အားလိုင်းကြီးများကို မြန်မာနိုင်ငံဓာတ်အားစနစ်၏ Back Bone အဓိကကျောရိုးအဖြစ် တည်ဆောက်သွားရန် အထူးလိုအပ်လျက်ရှိပြီး လက်ရှိတည်ဆောက်ဆဲလည်း ဖြစ်ပါသည်။ အလားတူ ဖြန့်ဖြူးရေးကဏ္ဍတွင်လည်း ကျေးရွာများအထိ ပိုမိုဖြန့်ဖြူးပေးနိုင်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်သည့် ၅၀ရာခိုင်နှုန်း ပြည့်မီသည့် အခမ်းအနားများအား နိုင်ငံအဝန်း ခြိမ့်ခြိမ့်သဲကျင်းပနိုင်ခဲ့ပြီးလည်း ဖြစ်ပါသည်။ ဆက်လက်၍ ၂၀၃၀ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့်မီးလင်းပြီဖြစ်စေရန်လည်း လျာထား ဆောင်ရွက်လျက်ရှိကြပါသည်။

ထိုသို့နိုင်ငံတော်ဘက်မှ ဓာတ်အားတိုးတက်ရရှိ၍ ထုတ်လုပ်သွယ်တန်းဖြန့်ဖြူးရေး ပေးသွားနိုင်ရန် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်ပရင်းနှီးမြုပ်နှံမှုအချို့ ပြန်လည်ရုပ်သိမ်းသွားကြခြင်း၊ တာဝါတိုင်များဖျက်ဆီးခံရပြီး ပြုပြင်ခွင့်မရခြင်းများကြောင့် မြန်မာတစ်နိုင်ငံလုံးနီးပါး ဓာတ်အားမလုံလောက်မှုများ ဖြစ်ပေါ်လာပြီး အလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးနေရသည့် အခြေအနေသို့ ရောက်ရှိလျက်ရှိနေပါသည်။ အဆိုပါ အခြေအနေအား လွန်မြောက်နိုင်စေရန်မှာ လျှပ်စစ်ကဏ္ဍအား ရေရှည်ဖွံ့ဖြိုးတိုးတက်စေသည့် တန်ဖိုးကုန်ကျမှုနည်းပြီး အကျိုးများစွာရရှိစေနိုင်မည့် လျှပ်စစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအား အချိန်မီဆောင်ရွက်သွားနိုင်ရန်လည်း အထူးလိုအပ်ပါသည်။ လျှပ်စစ်မီးအပြည့်အဝပြန်လည်ရရှိနိုင်ရေးနှင့် လျာထားချက်အမီ လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိနိုင်ရေးအတွက် အနှောင်အဖွဲ့ကင်း၍ နိုင်ငံတော်အတွက် အကျိုးရှိစေမည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်နိုင်သမျှ ဖိတ်ခေါ်၍ ပြည်သူတို့အတွက် အကျိုးရှိစေမည့် လျှပ်စစ်ဆိုင်ရာ စီမံကိန်းကြီးများအား စောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါမည်။ သို့ဖြစ်ပါ၍ ဓာတ်အားခသက်သာပြီး အရည်အသွေးပြည့်ဝ၍ ဖူလုံသော လျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်ကြီး ဖြစ်ပေါ်လာမှသာလျှင် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိလာ၍ လျှပ်စစ်ဖြင့် လောကနိဗ္ဗာန်ကို တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။




## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် " ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒီလိုထူးချွန်ထက်မြက်တဲ့ ကျောင်းသားလူငယ်မောင်မယ်များကို ယခုလိုဂုဏ်ပြုချီးမြှင့်ရတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါတယ်။ ပညာရေးဟာ နိုင်ငံတော်တည်ဆောက်ရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာမှာ လူသားအရင်းအမြစ်ဖြစ်တဲ့ အသိပညာရှင်၊ ကျွမ်းကျင်ပညာရှင်များ လိုအပ်ပါတယ်။ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များမွေးထုတ်နိုင်ရန် ပညာရေးကို အဓိက ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျောင်းနေအရွယ် ကျောင်းသားလူငယ်များရဲ့ သင်ယူမှုအခွင့်အလမ်းများ အပြည့်အဝရရှိအောင် မိဘပြည်သူများကလည်း မိမိတတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ဆရာ၊ ဆရာမများအနေနဲ့လည်း အတန်းစဉ်တိုင်းမှာ အရည်အသွေးပြည့်ဝတဲ့ တပည့်များဖြစ်လာအောင် အထူးဂရုစိုက် သင်ကြားပြသပေးသွားရမှာ ဖြစ်တဲ့အပြင် ကျောင်းသား၊ ကျောင်းသူများကို မှန်ကန်တဲ့ အတွေးအခေါ်ရှိပြီး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိတဲ့ လူတော်၊ လူကောင်းများ ဖြစ်ထွန်းလာစေရန်အတွက် ပိုမိုကြိုးပမ်းအားထုတ်သွားကြရမှာ ဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ က ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆု၊ အောင်ချက်အကောင်းဆုံး မြို့နယ်သုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံး ကျောင်းသုံးကျောင်းနှင့် အောင်ချက်အကောင်းဆုံး ကိုယ်ပိုင်ကျောင်း သုံးကျောင်းတို့အား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်သည်။

ဆက်လက်၍ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများက "ဓာတ်မာန်သီချင်း" ဖြင့် သီဆိုဖျော်ဖြေပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

*-*-*-*-*

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မော်လိုက် ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့၌ မြို့အတွင်း သန့်ရှင်းသာယာပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက မြို့မ(၂)ရပ်ကွက် နာရီစင်မှစ၍ ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် မြို့မ(၁) ရပ်ကွက် ပညာလမ်းတစ်လျှောက်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

မော်လိုက်မြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၆ ရက်မှစ၍ စိုးရိမ်ရေမှတ် ကျော်လွန်ရောက်ရှိခဲ့ပြီး မြို့အတွင်းရေကြီးရေလျှံမှုများဖြစ်ကာ၊ လူနေအိမ်များ ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ပြီး ဇူလိုင် ၂၁ ရက်မှစ၍ မြစ်ရေများ လျော့ကျခဲ့ရာ ရပ်ကွက်နှစ်ရပ်ကွက်နှင့် ဗိုလ်ချုပ်လမ်း၊ ပညာလမ်းပေါ်တွင် တင်ကျန်ခဲ့သော အမှိုက်များနှင့် ရွှံ့နွံများကို မော်လိုက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ ခရိုင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ စုပေါင်းအင်အားဖြင့် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

*-*-*-*-*-*



## ကျောက်ဆည်မြို့တွင် အခမ်းအနားများ ကျင်းပရာတွင် အောင်မြင်စွာကျင်းပနိုင်ရေး အခမ်းအနားမှူးသင်တန်း ဖွင့်

**ကျောက်ဆည် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြု ဗဟိုဌာနတွင် အခမ်းအနားများ ကျင်းပရာတွင် အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် အခမ်းအနားမှူးသင်တန်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



အခမ်းအနားမှူးသင်တန်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အခမ်းအနားမှူးများ ကြိုတင်ပြင်ဆင်ထားရမည့် အစမ်းလေ့ကျင့်မှု၊ အချိန်ကိုက်မှု၊ မိုက်ကရိုဖုန်းအသုံးပြုပုံများနှင့် စာရေးဆရာမ သီတဂူ(ကျောက်ဆည်)က အခမ်းအနားပြင်ဆင်ထားရှိမှု အတူတွဲ၍ လုပ်ကိုင်ရမည့်သူများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမှုများနှင့် အခမ်းအနားအမျိုးမျိုးအကြောင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားခဲ့သည်။

အခမ်းအနားမှူးသင်တန်းတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ အမှတ်(၁)အခြေခံပညာအထက်ကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမများ၊ ကျောင်းသူများ စုစုပေါင်း ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို စာတွေ့၊ လက်တွေ့နှစ်ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် သင်တန်းတွင် ထူးချွန်သူများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

*-*-*-*-*

## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးစပါး ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စပါးအပြင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးစပါး ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ မိုးစပါးစိုက်ပျိုးဖို့ ၃၄၀၉၇ ဧက လျာထားပြီး ယနေ့အထိ ၇၅၄၀ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဒီနှစ်မိုးရွာသွန်းမှုနည်းတော့ တောင်သူတွေ ချောင်းရေ၊ မြေအောက်ရေတင်ပြီး နည်းလမ်းမျိုးစုံနဲ့ ပျိုးထောင် စိုက်ပျိုးကြပါတယ်။ လျာထားချက်ပြည့်မီရေးအတွက် ဆက်လက်စိုက်ပျိုးနေကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေးဆောင်ရွက်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံစိုက်ပျိုးရန် ၇၆၈၅၈ ဧက လျာထားပြီး လက်ရှိအချိန်ထိ ၃၉၉၇၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)(၄၈၀)



# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၃ -၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်ဆုရရှိကြသူ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့်အလွတ်တန်းဆောင်းပါး ပြိုင်ပွဲဆု၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆု ရရှိကြသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ထူးချွန်ဆုရရှိကြသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပညာရည်မြှင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည့်သူများဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူငယ်များအနေဖြင့် အသိပညာ ဗဟုသုတမြင့်မားပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း၊ နည်းပညာသစ်များဖြင့် စိန်ခေါ်မှု၊ ပြိုင်ဆိုင်မှုများပြားသည့် ယနေ့ ကမ္ဘာကြီးတွင် လူငယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာအသုံးချ၍ အစဉ်



ကြိုးစားလေ့လာသင်ယူသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၈ ဦး၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲဆုရရှိသူ တစ်ဦး၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၃၁ ဦး၊ ဝန်ကြီးဌာနအဆင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၂၃ ဦး၊ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများကို ဂုဏ်ပြုဆုများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီးများကို ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများသည် ထူးချွန်ဆု ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ရင်သွေးငယ်များအား ထူးချွန်အောင် ပြုစုပျိုးထောင်ပေးခဲ့ကြသည့် ဝန်ထမ်းမိဘများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ လုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၇

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ အစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) တက်ရောက်ပြီး ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာသွားကြကြောင်း သိရသည်။

သတင်းစဉ်





# ၂၀၂၄ ပါရီအိုလံပစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် အာဂျင်တီးနား၊ စပိန်၊ ယူကရိန်း၊ အီဂျစ်တို့ နိုင်ပွဲကိုယ်စီရရှိ

၂၀၂၄ ပါရီအိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ အုပ်စု(B)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်က အာဂျင်တီးနားအသင်းနှင့် အီရတ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အာဂျင်တီးနားအသင်းက အီရတ်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းအတွက် သွင်းဂိုး သုံးဂိုးကိုပွဲချိန် ၁၃ မိနစ်တွင် အယ်လ်မာဒါ၊ ပွဲချိန် ၆၂ မိနစ်တွင် ဇွန်ဒူ၊ ပွဲချိန် ၈၅ မိနစ်တွင် ဖာနန်ဒက်ဇ်တို့က သွင်းယူပေးခဲ့သည်။ အီရတ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန်(၄၅+၄)မိနစ်တွင် အေမန်ဟတ်ဆန်က သွင်းယူပေးခဲ့သည်။

အုပ်စု(C)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀ မိနစ်က ဒိုမီနီကန်အသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဒိုမီနီကန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် ဖာမင်လိုပက်ဇ်၊ ပွဲချိန် ၅၅ မိနစ်တွင် ဘာအီနာ၊ ပွဲချိန် ၇၀ မိနစ်တွင် ဂူတီယာရက်ဇ်တို့က သွင်းယူပေးခဲ့သည်။ ဒိုမီနီကန် အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၃၈ မိနစ်တွင် ဒီအိုကာက သွင်းယူပေးခဲ့သည်။

အုပ်စု(B)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၃၀ မိနစ်က ယူကရိန်းနှင့် မော်ရိုကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ယူကရိန်းအသင်းက မော်ရိုကို အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(C)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၉ နာရီ ၃၀ မိနစ်က ဥဇဘက်ကစ္စတန် အသင်းနှင့် အီဂျစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီဂျစ် အသင်းက ဥဇဘက်ကစ္စတန် အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**(NGB)**

၀-၀-၀-၀-၀

